မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂)
အမှတ် (၁၁၃)

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ တနင်္လာနေ့။

ထူးခြားသည့် ညအပူချိန်များ

၂၀-၁-၂၀၁၂

ဟားခါးမြို့	၁ ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၅ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၅ ဒီဂရီစင်တီဂရိတ်

၂၁-၁-၂၀၁၂ တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပြည်တွင်းငြိမ်းချမ်းရေးကိုရေရှည်တည်တံ့နိုင်သော ငြိမ်းချမ်းရေးမျိုးဖြစ်ရန် ရည်မှန်းချက်ထား နိုင်ငံရေးပွင့်လင်းမှုသည် အမျိုးသားစုစည်းမှုမျိုးကို ဖော်ဆောင်နိုင်မည်ဟု အခိုင်အမာယုံကြည်

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမကြီး၌ လူထုအခြေပြု လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးတင်နိုင်သိန်း၊ ဦးခင်မောင်စိုး၊ ဦးခင်ရီနှင့် ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူထုအခြေပြု လူမှုအဖွဲ့အစည်း (၈၆) ဖွဲ့မှဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် ကိုယ်စားလှယ်များ၊ မီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲတွင် မိမိတို့ လူ့အဖွဲ့အစည်းအနေဖြင့် အတူကြုံပမ်းရယူထားသည့် နိုင်ငံရေးဖြစ်ထွန်းမှုများနှင့် ပတ်သက်ပြီး အရေးကြီးသောအချက်များကို အလေးထားပြောကြားသွားမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံရေးဖြစ်စဉ်နှင့် ဖြစ်ထွန်းမှုများတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် အရေးပါမှုကို အမှန်တကယ်ယုံကြည်ကြောင်း ပြောကြားလိုပါကြောင်း၊ ယနေ့မိမိတို့ ရရှိထားသည့် နိုင်ငံရေးဖြစ်ထွန်းမှုသည် လွန်ခဲ့သော တစ်နှစ်ကျော်ကာလအတွင်း ပြောင်းလဲလာခဲ့သည့် *စာမျက်နှာ ကော်လံ ၁* ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လူထုအခြေပြု လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာပြည်၏ ပထမဆုံး သဲပန်းပုပြပွဲ မောင်းမကန်ကမ်းခြေ၌ကျင်းပ

ထားဝယ် ဇန်နဝါရီ ၂၀

ထားဝယ်ဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက် (DDPC) နှင့် ၈၈ မျိုးဆက်ကျောင်းသားများ အဖွဲ့တို့ပူးပေါင်းပြုလုပ်သည့် မြန်မာနိုင်ငံ၏ ပထမဆုံး သဲပန်းပုပြပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မောင်းမကန်ကမ်းခြေ၌ ဇန်နဝါရီ ၁၉ မှ ၂၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲကို ပန်းပုပညာရှင် ဦးကြည်စိန်လေးနှင့် ပန်းပုပညာရှင် ၂၀ ခန့် ပါဝင်ထုလုပ်ခဲ့ကြပြီး ပြပွဲကို ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်အတူ ထားဝယ်ဒေသကို ကမ္ဘာကသိရှိလာနိုင်အောင် သဲပန်းပုအနုပညာရပ်ကို ပြည်သူများ စိတ်ဝင်စားမှုရှိလာစေရန်နှင့် ထားဝယ်ဒေသဖွံ့ဖြိုးလာစေရန်တို့အတွက် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

သဲပန်းပုရုပ်တုများကို ဇန်နဝါရီ ၁၂ ရက်မှ စတင်ထုတ်လုပ်ခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်တွင် ပန်းပုရုပ်တုများအားလုံး ထုလုပ်ပြီးစီးကာ ဇန်နဝါရီ ၁၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ပန်းပုပညာရှင် ဦးကြည်စိန်လေးတို့က သဲပန်းပုပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

သဲပန်းပုပြပွဲနှင့် ပတ်သက်၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်နီနီချိုက "ကျွန်မတို့ အသက် ၅၀ ကျော်ပြီ။ ကျွန်မတို့ နိုင်ငံမှာ ဒီလိုကြီးကျယ်ခမ်းနားတဲ့ သဲပန်းပုပြပွဲမျိုး လုပ်ခဲ့ဖူးတယ်လို့ မကြားဖူးဘူး။ အခုလို ကျွန်မတို့ဒေသမှာ ဒီလိုသဲပန်းပုပြပွဲမျိုးလာလုပ်တော့ ဒေသခံတွေကလည်း ဝမ်းသာပြီး ဂုဏ်ယူနေကြတယ်။ ကျွန်မတို့ဒေသကိုလည်း နိုင်ငံတကာက သိလာမှာဆိုတော့ ဝမ်းသာပါတယ်။ ပြပွဲကိုလည်း လူတွေအများကြီး လာကြည့်ကြပါတယ်" ဟု ပြောပြသည်။

ပြပွဲတွင် ရန်ကုန်တက္ကသိုလ် *စာမျက်နှာ ၃ ကော်လံ ၄* ❒

သတင်း မာတိကာ

ပညာလိုလျှင် ပညာကို အပတ်တကုတ်ကြိုးစားနေပါမှ ပညာတတ် အကျော်အမော်ဖြစ်နိုင်။

ခေါင်းကြီး *စာမျက်နှာ - ၂*

ပြည်ပပို့ကုန်အမယ်သစ်တစ်မျိုးဖြစ်လာနိုင်သည့် တစ်ပိုင်တစ်နိုင် မက်မန်းသီးလုပ်ငန်း

စာမျက်နှာ - ၁၀

Safer

PPA

ကျန်းမာရေးသတိပေးချက်

အအေးမိ၊ တုပ်ကွေး၊ ဖျားနာပျောက်ဆေး ဝယ်ယူတိုင်း ဆေးကတ်ကိုသေချာကြည့်ပါ။

သင်သောက်သုံးသောဆေးတွင် Phenylpropanolamine (ဖီနိုင်းပရိုပါနိုလမင်း) 'PPA' ပါဝင်ပါက လေဖြတ်နိုင်ပါသည်။

FLUZA ၌ လေဖြတ်စေသော Phenylpropanolamine (ဖီနိုင်းပရိုပါနိုလမင်း) 'PPA' မပါဝင်သောကြောင့် "ဖလူဇာ" ကို သင်နှင့် သင့်မိသားစုဝင် အားလုံးယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ပါသည်။

Distributed By

MEDICAL

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တကယ်လုပ်မှ အဟုတ်ဖြစ်

မည်သည့်အလုပ်မဆို တကယ်ကြိုးစား အားထုတ်မှသာလျှင် အဟုတ်ဖြစ်နိုင်၏။ အောင်မြင်ထွန်းတောက် ပေါက်မြောက်နိုင်၏။ ကြီးပွားတိုးတက်နိုင်၏။ တကယ်လုပ်၍ အဟုတ်ဖြစ်မလာခြင်းသည် အမှန်တကယ် မလုပ်ခြင်းကြောင့်သာဖြစ်၏။ တကယ်လုပ်လျှင် တကယ်ဖြစ်သည်ဆိုသော စကားကို ရှေးရှေးသောပညာရှိတို့ ဆိုမိန့်သည့်အလျောက် တကယ်လုပ်၍ တကယ်တိုးတက်နေသူများ၊ အောင်မြင်ကြီးပွားကြသူများ ဤလောက၌ အများအပြားပင်ရှိ၏။

မကြာသေးမီက ရန်ကုန်မြို့လယ်ရှိ ဟိုတယ်ကြီးတစ်ခု၏ ရေကူးကန်ဘေး၌ နိုင်ငံခြားသားဧည့်သည်များ ကျန်းမာရေးအတွက် အားကစားပြုလုပ်နေသည်ကို တွေ့ရသည်။ သူတို့သည် ည ၇ နာရီ၊ ၈ နာရီထိုးသည့်တိုင် လမ်းလျှောက်စက်များပေါ်တွင် ပြေးသူပြေး၊ အလေးမသူမဖြင့် ကိုယ်ကာယလေ့ကျင့်ခန်းများကို ပြင်းပြင်းထန်ထန် ပြုလုပ်နေကြဆဲဖြစ်၏။ ၎င်းတို့နေရာတွင် မိမိတို့သာဆိုပါက သူများတိုင်းပြည်ကို ခဏတစ်ဖြုတ်လည်ပတ်ချိန်တွင် ထိုမျှလောက် ကျန်းမာရေးကို ဂရုတစိုက် လုပ်ကြလိမ့်မည်မထင်။ သို့သော် နိုင်ငံခြားသား တိုင်းတစ်ပါးသားတို့သည် ကျန်းမာရေးအတွက် တစ်နေ့တစ်ရက်မျှ အပျက်ခံပုံမရ။ နေ့စဉ် နှင့်အမျှ ကျန်းမာရေးကို ဂရုတစိုက် လုပ်နေကြသည်ကို အံ့သြ ဖွယ်တွေ့ရသည်။ တစ်နည်းအားဖြင့်ဆိုလျှင် သူတို့သည် ကျန်းမာသန်စွမ်းသူများ အမှန်တကယ်ဖြစ်လိုကြ၍ အဟုတ်ကြိုးစားနေကြသူများဟု ဆိုထိုက်၏။

သူတို့ကိုကြည့်လျက် ဘယ်အရာမဆို သာမန်ကြိုးစားအားထုတ်မှုဖြင့် မရနိုင်ဟု ကောက်ချက်ချမိ၏။ တကယ်လုပ်မှသာ တကယ်ဖြစ်နိုင်၏။ ဤသည်မှာ လက်တွေ့ကျသော သာဓကတစ်ရပ်ပင်ဖြစ်၏။

အလားတူသာဓက များစွာရှိ၏။ ကျန်းမာသန်စွမ်းသူဖြစ်လိုပါက တကယ်ပင် ကျန်းမာရေးကို တိတိကျကျလေ့လာလိုက်စားမှ ကျန်းမာသူဖြစ်နိုင်၏။ စီးပွားလိုလျှင် စီးပွားဖြစ်အောင် အမြဲကြိုးစားကြံဆောင်နေပါမှ စီးပွားဖြစ်နိုင်၏။ ပညာလိုလျှင် ပညာကို အပတ်တကုတ်ကြိုးစားနေပါမှ ပညာတတ်အကျော်အမော်ဖြစ်နိုင်ပါ၏။ မည်သည့်အရာမဆို တကယ်လုပ်မှ အဟုတ်ဖြစ်နိုင်ပါ၏။ ။

ပြည်တွင်းသတင်း

ကမ္ဘာ့ရန်ပုံငွေ ငွေကြေးစီမံခန့်ခွဲမှု စံလမ်းညွှန်အား ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၀

ယခုအလုပ်ရုံဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်များမှာ တစ်နှစ်တာ လုပ်ငန်းအတွေ့အကြုံများကို အခြေခံပြီး အားသာချက်၊ အားနည်းချက်များ ဖော်ထုတ်ခြင်း၊ ပိုမိုအဆင်ပြေ လွယ်ကူချောမွေ့စွာ အကောင်အထည်ဖော်နိုင်မည့် ဆုံးဖြတ်ချက်များချကာ SOP ကို Update လုပ်ရန်၊ ၎င်း Update SOP ကို တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများက မိမိတို့အဆင့်တွင် အကောင်အထည်ဖော်နေသည့် လုပ်ငန်းများ၌ တိကျစွာလိုက်နာအသုံးချရန်၊ မြို့နယ်အဆင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများက SOP ကို သိရှိလိုက်နာကျင့်သုံးတတ်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူတို့က အဆင့်ဆင့်ကြီးကြပ်လမ်းညွှန်ပေးစေရန်ဖြစ်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ရွှေပြည်ရယ်ကုမုဒြာဟိုတယ် အစည်းအဝေးခန်း မ၌ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာနနှင့် UNOPS တို့ပူးပေါင်းဆောင်ရွက်သော ရောဂါကြီး ၃ မျိုး တိုက်ဖျက်ရေးလုပ်ငန်းအတွက် ကမ္ဘာ့ရန်ပုံငွေ(Global Fund) ငွေကြေးစီမံခန့်ခွဲမှုစံလမ်းညွှန် (SOP)အား ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲ (Managed Cash Flow-SOP Review Workshop) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက Good Governance and Clean Government ဖြစ်ရန်မှာ ငွေကြေးစီမံခန့်ခွဲမှုနှင့် အသုံးချမှုအပိုင်းသည်လည်း အလွန်အရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ဘဏ္ဍာငွေကို ချမှတ်ထားသည့် စည်းမျဉ်းမူဘောင်အတွင်းမှ စနစ်တကျ မှန်ကန်တိကျစွာ သုံးစွဲအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ အများမြင်သာ ထင်သာရှိရန်လည်း အရေးကြီးကြောင်း၊ သို့မှသာ မိမိလက်အောက်ခံဝန်ထမ်းများနှင့် အများပြည်သူယုံကြည်မှု (Trust)၊နားလည်မှု (Understanding) ရရှိကာ ကောင်းမွန်၍ အရည်အသွေးပြည့်ဝသော စီမံခန့်ခွဲသူ (Manager)များနှင့် ဦးဆောင်သူ (Leader) များဖြစ်လာကြမည်ဖြစ်ကြောင်း၊ ကမ္ဘာ့အလှူရှင်နိုင်ငံများ၏ Grant အထောက်အပံ့ငွေကြေးကို တစ်ဆင့်ခံပြီး သုံးစွဲကြရာတွင်လည်း ၎င်းတို့၏ SOP အတိုင်း တိကျစွာလိုက်နာရန် အရေးကြီးကြောင်း၊ SOP အတိုင်း တိကျစွာလိုက်နာမှု အားနည်းပါက Preventive Detective နှင့် Corrective Measures များ ပြုလုပ်နေရသည်ကို သိရှိကြပြီးဖြစ်ကြောင်း၊ နောင်လာမည့် ၂ နှစ် ၃ နှစ်အတွင်း Grant ၏ Budget ငွေကြေးကိုလည်း MOH, DOH မှ လက်ခံကိုင်တွယ် အသုံးပြုလာကြမည်ဟု မျှော်လင့်ကြောင်း၊ ထို့ကြောင့် SOP ကို သိရှိတတ်ကျွမ်း၍ တိကျစွာလိုက်နာ အသုံးပြုတတ်သော စိတ်ဓာတ်နှင့်အရည်အသွေးပြည့်ဝအောင် လေ့ကျင့်ထားကြရမည် ဖြစ်ကြောင်း၊ လိုအပ်လာသည့်တစ်နေ့တွင် အဆင်သင့်အနေအထားဖြစ်နေရန် အရေးကြီးကြောင်းဖြင့်လည်း ပြောကြားသည်။

ထို့နောက် UNOPS မှ Director and Representative- Mr. Sanjay Mathur က အမှာစကားပြောကြားခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အန္တရာယ်ဖြစ်နိုင်သည့် ကျောက်တင်ကား

ထင်သာမြင်သာ ပြုပြင်စရာ

သတင်းမြင်ကွင်း-မောင်ကျောက်တံတား၊ ဓာတ်ပုံ-သန်းမောင်(ရန်ကင်း)

ဆောက်လုပ်ရေးလုပ်ငန်းခွင်တိုင်းတွင် Safety First (လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးသည် ပထမ) ဟူသော ဆောင်ပုဒ်များရှိသည်။ ပုံတွင် ကာရံထားသော ဘေးနှစ်ဖက်ကားနံရံပေါင်ကိုကျော်ကာ အပေါ်မှလည်း အတားအဆီးထားရှိမှုမရှိဘဲ၊ အဆောက်အအုံဟောင်းမှ ဖြိုဖျက်သယ်ဆောင်လာသည့် ကျောက်တုံးများ တင်ဆောင်ထားသော ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံး ဒိုင်နာကားတစ်စီးကို ဇန်နဝါရီ ၁၆ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ရန်ကင်းလမ်းဆုံတွင် အမှတ်မထင်မြင်တွေ့လိုက်ရသည်။ **(ယာပုံ)**

အဆိုပါ ထရပ်ကားကို ဘရိတ်အုပ် လိုက်လျှင်သော်လည်းကောင်း၊ လမ်းကွေ့မှာ အရှိန်ဖြင့် ကွေ့လိုက်လျှင် ကျောက်တုံးများ လွင့်စဉ် ကျပါက လိုက်ပါလာသူများရော လမ်းခရီးသွားများပါ ဘေးအန္တရာယ်ဖြစ်နိုင်ကြောင်းကို သတိပြုဆင်ခြင်စရာ မြင်ကွင်းအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။

စာအုပ် စာပေ လူ့မိတ်ဆွေ

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ရှိ ကျင်သီကျောင်းတိုက်၌ သောက်သုံးရေလိုအပ်နေ

သီပေါ ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျင်သီကျေးရွာအုပ်စုအတွင်းမှ သက်တမ်း ၂၃၆ နှစ်ရှိ ကျင်သီ (နမ့်စင်) ဘုန်းတော်ကြီးကျောင်း၌ သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူနေသော ရဟန်းသာမဏေများနှင့် ယောဂီများ၊ ဥပုသ်သည်များအတွက် ရေအခက်အခဲတွေ့ကြုံနေရကြောင်း သိရသည်။

အဆိုပါ ကျင်သီကျောင်းတိုက်ကြီးမှာ တောင်ကုန်းအမြင့်၌ တည်ရှိပြီး ယခုအခါရေတွင်း၊ ရေကန်များ ရေခန်းခြောက်ကုန်၍ ရဟန်းသာမဏေများအတွက် သောက်ရေ၊ သုံးရေများအခက်အခဲရှိကြောင်း၊ အခြားလူ၊ ယောဂီနှင့် ဥပုသ်သည်များအတွက်ပါ ရေအခက်အခဲကြုံတွေ့နေရကြောင်းဖြင့် ကျောင်းထိုင်ဆရာတော် ဦးအာဇေယျက မိန့်ကြားသည်။

ရေအခက်အခဲတွေ့ကြုံနေရသော ကျင်သီကျောင်းတိုက်ကြီးမှ ရဟန်းသာမဏေများနှင့် ယောဂီ၊ ဥပုသ်သည်များအတွက် ရေဒါနပြုလိုသူ ကုသိုလ်ရှင်များ လိုအပ်နေပါ၍ ဖုန်း- ၀၉-၄၇၃၀၈၅၇၇၊ ၀၉-၄၀၃၇၀၈၈၉၇ နှင့် ၀၈၂-၈၀၂၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(သီပေါ ကိုလတ်)**

ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရများထောက်ပံ့

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၈ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ရှိဘိုးဘွားရိပ်သာ၌ ငွေပဒေသာပင်စိုက်ထူခြင်း၊ လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ ပျဉ်းမကုန်းကျေးရွာရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းကို လှည့်လည်ကြည့်ရှုပြီး ကိုယ်ဝန်ဆောင်များအား အသုံးအဆောင်၊ ဆေးဝါးနှင့် အာဟာရအစားအစာများ ထောက်ပံ့ခြင်း၊ ရင်းတိုက်ကွင်းကျေးရွာတွင် ရွှေ့လျားကျန်းမာရေးဆောင်ရွက်ခြင်းကို ကြည့်ရှုအားပေးခြင်း၊ ဂျိုးဖြူကျေးရွာရှိအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ ဝင်ငွေတိုးလုပ်ငန်းများအား ကြည့်ရှုခြင်းနှင့် ဂျိုးဖြူကျေးရွာရှိ စံပြစာကြည့်တိုက်၌ သုတ၊ရသ စာစောင်များ လှူဒါန်းခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်စိုက်ထူခြင်းအတွက် အလှူရှင်များအပါအဝင် လှူဒါန်းငွေကျပ် ၁၆ သိန်းနှင့် တန်ဖိုးငွေကျပ် ၁၂၃၇၆၀၀ ရှိ လှူဖွယ်ပစ္စည်းလှူဒါန်းခြင်း၊ ပျဉ်းမကုန်းကျေးရွာနှင့် ရင်းတိုက်ကွင်းကျေးရွာတို့တွင် ဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်များအား ငွေကျပ် ၃၉၇၅၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ ခရီးစဉ်အတွင်း ငွေကျပ် ၁၆ သိန်းနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၁၆၃၅၁၀၀ လှူဒါန်းမှု စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၂၃၅၁၀၀ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေး-ဂယာ အပတ်စဉ် အင်္ဂါ ကြာသပတေး

myanma MAI UMTA

Feb- 5,7,12 ,14, 19.21, 26,28 / Mar - 5,7,12 ,14, 19,21, 26.28 / Apr - 2, 4, 9, 11, 23,25

INTERNET journal

2013 CES ပြပွဲတွင် ပြသခဲ့သည့် အကောင်းဆုံးထုတ်ကုန်များ

Y.E.S. Since 1994
International English Language Centre

Basic Spoken English
Mon to Thurs-7:30- 9:30 am 21 Jan
Sat & Sun - 12:30-3:30 pm 26 Jan
Mon to Thurs-5:00-7:00 pm 14,28 Jan
Sat & Sun - 3:45-6:45 pm 19 Jan
Mon to Thurs- 10:30-12:30am 21 Jan
Mon to Thurs-1:00-3:00pm 21Jan,4Feb

Pre-Intermediate English
Mon toThurs- 10:00-12:00 am 14 Jan
Mon toThurs- 1:00- 3:00 Pm 28 Jan

Vocabulary Enrichment Course
Sat & Sun - 10:00- 12:00 am 26 Jan

Grammar Foundation Course
Mon to Thurs- 7:30- 9:30 am 21 Jan
Mon to Thurs- 3:30- 5:00 pm 28 Jan

Structure & Written Expression
Sat & Sun - 9:00-12:00 am 19 Jan
Sat & Sun - 12:30-3:30 pm 26 Jan
Mon to Thurs- 5:00- 6:30 pm 28 Jan

Intermediate English Proficiency
Mon to Thurs - 1:00-3:00 pm 4 Feb

Basic Writing Course
Mon to Thurs - 10:00-12:00 am 14 Jan

IELTS,IELTS (SPEAKING) ,SAT,API,AWC,TOEFL

No.190, 2nd Flr:,28th St:(Upper), Pabedan Tsp. ☎ 243950

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြင်းခြံမြို့နယ် မဏိကဋ္ဌနာခန်းမ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❊ *ကျောဖုံးမှ*

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့မှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြင်းခြံမြို့ မဏိကဋ္ဌနာခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြင်းခြံမြို့သို့လာရောက်ရခြင်း ရည်ရွယ်ချက်နှင့် လွှတ်တော်များ၏ ပြည်သူ့ဆန္ဒနှင့် မျှော်လင့်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များက ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်နှင့် အခက်အခဲများကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းပိုင်းဆိုင်ရာ ပံ့ပိုးဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ တက်ရောက်လာသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

အဆိုပါတွေ့ဆုံပွဲများ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ယခုကဲ့သို့ မိမိတို့လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် ကြုံတွေ့နေရသည့်အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း၊ ပြည်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဘဏ္ဍာငွေ ခွဲဝေရရှိမှုအခြေအနေပေါ်မူတည်၍ မျှမျှတတ ဥပဒေနှင့်အညီ ကြိုးပမ်းဖော်ဆောင် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အပိုင်းနှင့် နိုင်ငံတော်အစိုးရအပိုင်းနှင့် ညှိနှိုင်းတိုင်ပင် ပူးပေါင်းဆောင်ရွက်ပေးသွားရမည့်ကိစ္စများအား ဆက်လက်ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများအနေဖြင့်လည်း ပြည်သူများက ရွေးချယ်ထားသည်နှင့်အညီ ပြည်သူအများ၏ လိုအပ်ချက်အခက်အခဲများကို တရားဥပဒေနှင့်အညီ ဖြေရှင်းပေးပြီး တစ်ဖက်မှလည်း မိမိရပ်ရွာဖွံ့ဖြိုးစည်ပင်သာယာအောင် စိတ်ရင်းစေတနာဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်နှင့် နွားထိုးကြီးမြို့နယ်များ ခရီးစဉ်၌ ဒေသခံပြည်သူများက မိမိတို့ ကြုံတွေ့နေရသည့် လူမှုရေး၊ စီးပွားရေး စသည့်အခက်အခဲများကို ကိုယ်တိုင် ကိုယ်ကျ ပွင့်ပွင့်လင်းလင်း တင်ပြခွင့်ရရှိသည့်အပြင် တင်ပြချက်များကိုလည်း လွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသဖြင့် ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ ဟူသည့် ဆောင်ပုဒ်အတိုင်းဆောင်ရွက်သည့်အတွက် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာရှိကြောင်းကိုလည်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Madam Pany YATHOTOU ၏ ကိုယ်ရေးအကျဉ်း

လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ Madam Pany YATHOTOU အား ၁၉၅၁ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် လာအိုနိုင်ငံရှိ ဆင်ခွမ်ပြည်နယ်၌ မွေးဖွားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှ B.A(Banking) ဘွဲ့ရရှိခဲ့သည်။

၁၉၇၈ ခုနှစ်မှ ၁၉၇၉ ခုနှစ်ထိ Bank of Lao PDR တွင် နိုင်ငံခြားငွေကြေးဌာန ညွှန်ကြားရေးမှူးချုပ်၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်ထိ Bank of Lao PDR တွင် စီးပွားရေးနှင့် စီမံကိန်းဌာန ညွှန်ကြားရေးမှူးချုပ်၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၅ ခုနှစ်ထိ Bank of Lao PDR တွင် ရင်းနှီးမြှုပ်နှံမှုဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ၁၉၈၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်ထိ Central Bank of Lao PDR တွင် အုပ်ချုပ်ရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်ထိ (၄)ကြိမ်မြောက် လာအို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လာအိုအမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် လာအိုအမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ (၅)ကြိမ်မြောက် လာအိုအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လာအိုအမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ လာအိုအမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီ၏ အမြဲတမ်းအဖွဲ့ဝင်နှင့် လာအိုအမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၆ ခုနှစ်မှ (၂၂-၁၂-၂၀၁၀) ရက်နေ့ထိ (၆)ကြိမ်မြောက် လာအိုအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လာအိုအမျိုးသားလွှတ်တော်အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် လာအိုအမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်ခဲ့သည်။ (၂၃-၁၂-၂၀၁၀) ရက်နေ့မှ (၁၄-၆-၂၀၁၁)ရက်နေ့ထိ (၆)ကြိမ်မြောက် လာအိုအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လာအိုအမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၅-၆-၂၀၁၁)ရက်နေ့မှစ၍ (၇)ကြိမ်မြောက် လာအိုအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လာအိုအမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့်လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

Madam Pany YATHOTOU သည် အိမ်ထောင်ရှင်ဖြစ်ပြီး သမီး(၁)ဦးရှိပါသည်။ Madam Pany YATHOTOU နှင့် လာအိုအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုလွှတ်တော်နာယက၏ ဖိတ်ကြားချက်အရ မကြာမီရက်အတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေး အလည်အပတ်ခရီး လာရောက်မည်ဖြစ်သည်။

ဘဝအမောပြေ

စိတ်နာတယ်

ဝေယံဦး-ရေးသားသည်

တစ်နေ့တွင် အိမ်ထောင်သည် အမျိုးသမီးတစ်ဦးနှင့် အပျိုကြီးတစ်ဦးတို့ စကားပြောလျက်ရှိသည်။

အိမ်ထောင်သည် ။ ။ **ငါလေ‥ အခုအချိန်မှာ အပျိုအရွယ်ငယ်ဘဝကို ပြန်ပြီး သတိရမိတယ်။**

အပျိုကြီး ။ ။ ဘာဖြစ်လို့လဲ။

အိမ်ထောင်သည် ။ ။ **ငါငယ်ငယ်က ဝိုင်းကြိုက်တဲ့လူတွေအများကြီးပဲ။**

အပျိုကြီး ။ ။ ဩော်. . ။

အိမ်ထောင်သည် ။ ။ **ငါလည်းရည်းစားတွေအများကြီးထားခဲ့တာပေါ့ ‥အဲဒီတုန်းကပျော်လိုက်တာ‥ဟိဟိ‥နင်ကော ငယ်ဘဝ သတိမရဘူးလား။**

အပျိုကြီး ။ ။ မရဘူး. . ။

အိမ်ထောင်သည် ။ ။ **ဘာဖြစ်လို့လဲ‥။**

အပျိုကြီး ။ ။ ငါ. . ဘာမှမဖြစ်ခဲ့လို့ ပြန်တွေးရင်စိတ်နာတယ်. . ။

အိမ်ထောင်သည် ။ ။ **"ဟေ"။**

❊ *ကျောဖုံးမှ*

ပွဲတွင် မင်းမဟာက နှစ်ချီဖြင့် အလဲထိုးအနိုင်ယူခဲ့သည်။ အောင်သူရိန် ဒုတိယအချီတွင် အနားတောင်းခဲ့သော်လည်း မင်းမဟာ၏ ပြင်းထန်သော လက်သီးချက်ထိပြီး ကြမ်းပြင်တွင် လဲကျသွားသည်။ ဒိုင်လူကြီး အမှတ်စဉ် ၁၀ အထိ ရေတွက်သော်လည်း ပြန်မထနိုင်တော့သဖြင့် အောင်သူရိန် အရှုံးပေးလိုက်ရသည်။

တစ်ဖန် ခွန်ရှိုင်းထက်(ဝါဆို)နှင့် ထွန်းလုံရှိန် (ငြိမ်းချမ်းရေး)တို့ လေးချီပွဲအဖြစ် ထိုးသတ်ခဲ့ရာ အရှုံးအနိုင်မရှိ သရေပွဲဖြစ်သွားသည်။ ဖျံသွေး(ငြိမ်းချမ်းရေး)နှင့် ရဲရင့်ထွန်း (မုဒုံသား)တို့ အကြိတ်အနယ်ထိုးသတ်ခဲ့ကြရာ ဖျံသွေး(ငြိမ်းချမ်းရေး)က တတိယအချီဖြင့် အလဲထိုး အနိုင်ရရှိသွားခဲ့သည်။

ယနေ့ကျင်းပသော လက်ဝှေ့ပြိုင်ပွဲများကို အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူးပြီး H & S Group က စီစဉ်ကျင်းပပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

❒ *ရှေ့ဖုံးမှ*

ဘွဲ့နှင်းသဘင် အဆောက်အအုံ ပန်းပုရုပ်တုကြီးနှင့်အတူ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ ပန်းပုရုပ်များ အပါအဝင် သဲပန်းပုရုပ်တုပေါင်း ၂၀ ခန့် ထုလုပ်ပြသထားပြီး ပြပွဲချိန်အတွင်း ဂီတပညာရှင်များက တယောနှင့် ဂီတာများကို တီးခတ်ဖျော်ဖြေရင်း ပန်းပုပညာရှင်များက သဲပန်းပုရုပ်များကို လက်တွေ့ထုလုပ်ပြသကြသည်။

အဆိုပါ သဲပန်းပုပြပွဲသည် မြန်မာပြည်တွင် ပထမဆုံးနှင့် အကြီးကျယ်ဆုံးသော သဲပန်းပုပြပွဲကြီးဖြစ်ပြီး ၎င်းပြပွဲကြီးကဲ့သို့သော သဲပန်းပုပြပွဲကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ကိုကြီးသာ)**

နိုင်ငံတကာသတင်း

မာလီနိုင်ငံအတွင်း အကြမ်းဖက်မှုများ ချုပ်ငြိမ်းသည်အထိ စစ်ရေးကြားဝင်မှု အချိန်ကြာမြင့်မည်ဟု ပြင်သစ် သမ္မတပြော

ပါရီ ဇန်နဝါရီ ၂၀

မာလီနိုင်ငံတွင် စစ်ရေးအရကြားဝင်မှုကို ထိုဒေသတွင်း အကြမ်းဖက်ဝါဒချုပ်ငြိမ်းသွားသည်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ ဖရန့်ဆွာဟော်လန်က ပြောကြားသည်။

မာလီတွင် စစ်ရေးကြားဝင်မှုသည် အချိန်မည်မျှကြာမည်ဟု မကြာခဏ မေးမြန်းကြကြောင်း၊ မိမိအနေဖြင့် ထိုသို့မေးမြန်းခြင်းခံရတိုင်း ထိုဒေသအတွင်း အကြမ်းဖက်မှုများ နှိမ်နင်းလိုက်နိုင်ချိန်အထိ စစ်ရေးကြားဝင်မှု အချိန်ကြာမြင့်မည်ဟု ပြန်လည်ဖြေဆိုပါကြောင်း သမ္မတဟော်လန်က ဇန်နဝါရီ ၁၉ ရက်တွင် ဆိုခဲ့သည်။

ပြင်သစ်တပ်ဖွဲ့ဝင်များ မာလီနိုင်ငံ စစ်မြေပြင်သို့ ပို့ဆောင်ထားသော ဦးရေသည် ၂၀၀၀ အထိရှိနေပြီး မာလီနိုင်ငံပြင်ပမှ စစ်ရေးလှုပ်ရှားမှုများ ဆောင်ရွက်နေသည့် ပြင်သစ်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၀၀ ထက်မနည်းရှိကြောင်း ကာကွယ်ရေးဝန်ကြီး ဂျိန်းဝိုင်ဗက်စ်လီဒရိန်းက ဇန်နဝါရီ ၁၉ ရက် အစောပိုင်းတွင် ပြောကြားခဲ့သည်။

ထားရှိကူညီသွားမည်

ပြင်သစ်နိုင်ငံက ကတိကဝတ်ခံထားသည့်အတိုင်း တပ်ဖွဲ့ ၂၅၀၀ ကျော် မာလီနိုင်ငံသို့စေလွှတ်ပြီး စစ်ရေးကူညီမည်ဖြစ်ကြောင်း ဝန်ကြီးလီဒရိန်းကဆိုပြီး မာလီနိုင်ငံအတွင်းအပြင်တွင် စစ်ဆင်ရေးများလုပ်ဆောင်ရန် ပြင်သစ်စစ်သား ၄၀၀၀ ဝန်းကျင် ထားရှိကူညီသွားမည်ဖြစ်ကြောင်း ၎င်းကပင် ဖြည့်စွက်ပြောကြားသည်။

အိုင်ဗရီကို့စ်နိုင်ငံမြို့ အဘိုင်ဂျန်တွင် ဇန်နဝါရီ ၁၉ ရက် ဆွေးနွေးပွဲ တစ်ရပ်၌ မာလီနိုင်ငံကို စစ်ရေးအကူအညီများပေးရန် အာဖရိကနိုင်ငံများအတွက် အချိန်ကျရောက်နေပြီဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လော့ရန့်ဖာဘီရပ်စ်က ပြောကြားလိုက်သည်။

(ပရက်စ်တီဗွီ)

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု

အစ္စရေးအခြေစိုက်အိမ်ရာများတည်ဆောက်မှု ပြဿနာမဟုတ် အီရန်နျူကလီးယားအရေးသည် ကမ္ဘာ့ပြဿနာဟု နေတန်ယာဟုပြော

တဲလ်အဗစ် ဇန်နဝါရီ ၂၀

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အစ္စရေးအခြေစိုက်အိမ်ရာများ ဥပဒေဘောင်မဲ့ချဲ့ထွင်ခြင်းကို မေးမှိန်သွားစေရန်ရည်ရွယ်ချက်ဖြင့် အီရန်တို့၏နျူကလီးယားစွမ်းအင်စီမံကိန်းကဏ္ဍကို ကမ္ဘာ့ကိုကြိုဟ်မွေနေသော ပြဿနာဖြစ်သည်ဟု ဇန်နဝါရီ ၁၉ ရက်က ပြောကြားလိုက်သည်။

ဂျေရုဆလင်တွင် အစ္စရေးတို့ အခြေစိုက်အိမ်ရာများ တည်ဆောက်မှုသည် ကမ္ဘာ့ရန်စွယ်ရန်ပွား မဟုတ်ကြောင်း၊ အီရန် နျူကလီးယားအရေးသည်သာ ကမ္ဘာ့အတွက် ပြဿနာမီးဖြစ်ပါကြောင်း၊ ၎င်း၏ရုံးတွင် အမေရိကန်လွှတ်တော်အမတ်များနှင့်တွေ့ဆုံစဉ် နေတန်ယာဟုက ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လွှတ်တော်အတွင်း အစ္စရေးနိုင်ငံဘက်က အမြဲတစေ ထောက်ခံခဲ့ကြသည့် ရီပတ်ဘလီကင်နှင့် ဒီမိုကရက်တစ်အမတ်များအား ကျေးဇူးတင်ရှိကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ဖော်ထုတ်ပြောကြားသည်။ ဒီမိုကရက်တစ်နှင့် ရီပတ်ဘလီကင်လွှတ်တော်အမတ်များကို လွှတ်တော်လက်နက်ရေးရာဌာနနှင့် ပြည်တွင်းလုံခြုံရေးကော်မတီမှ လွှတ်တော်အမတ် ဂွန်မက်ကိန်း ဦးဆောင်၍ အစ္စရေးနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ပြောကြားခဲ့

အီရန်နျူကလီးယား စီမံကိန်းကို မရပ်ပစ်နိုင်ခဲ့ပါက သမိုင်း၌ ခွင့်လွှတ်နိုင်ဖွယ်ရှိလိမ့်မည်မဟုတ်ဟု နေတန်ယာဟုက ဆင့်ကဲပြောကြားခဲ့သည်။

စွပ်စွဲထား

အီရန်တို့၏ နျူကလီးယားစီမံကိန်းသည် အစ္စရေးကို တိုက်ခိုက်ရန် အစဉ်တစိုက်ခြိမ်းခြောက်လျက်ရှိနေပြီး အရပ်ဘက်သုံးအတွက် နျူကလီးယားစွမ်းအင်ထုတ်လုပ်နေခြင်း မဟုတ်ဟု အမေရိကန်၊ အစ္စရေးအစိုးရနှင့် ၎င်းမဟာမိတ်နိုင်ငံတချို့က အကြိမ်ကြိမ်စွပ်စွဲထားသည်။

(ပရက်စ်တီဗွီ)

တူရကီနိုင်ငံ၌ ဆီးရီးယားဒုက္ခသည် ၁၅၇၀၀၀ ကျော်ရှိ

အင်ကာရာ ဇန်နဝါရီ ၂၀

ဆီးရီးယားဒုက္ခသည် စုစုပေါင်း ၁၅၇၄၉၀ သည် ယင်းတို့၏ ပြည်တွင်းစစ်ပွဲများဖြစ်ပွားမှုမှ ထွက်ပြေးလာခဲ့ပြီးနောက် တူရကီနိုင်ငံအတွင်း ရောက်ရှိခိုလှုံနေကြကြောင်း တူရကီအစိုးရအရာရှိတစ်ဦးက ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

အဆိုပါ ဆီးရီးယားဒုက္ခသည်များအတွက် ယာယီနေထိုင်ရာ အဆောက်အအုံများကို တူရကီနိုင်ငံ ဟေတေးပြည်နယ်ရှိမြို့များတွင် ငါးလုံး၊ ဆန်လျူဖာတွင် နှစ်လုံး၊ ဂါဇာတက်တွင် သုံးလုံး၊ အိုခမာနီယီ၊ ခါရာမန်မာရတ်ခ်နှင့် အဒီယာမန်တို့တွင် တစ်လုံးစီတို့ဖြင့် နေရာချထားပေးထားကြောင်း တူရကီဝန်ကြီးချုပ်၏ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်စီမံကွပ်ကဲရေးဌာန(အေအက်ဖ်အေဒီ)က ထုတ်ပြန်သော အစီရင်ခံစာအရသိရသည်။

တူရကီနိုင်ငံအတွင်း နေထိုင်သည့် ဆီးရီးယားနိုင်ငံသားများအား ယာယီနေရာထိုင်ခင်း၊ အစားအစာ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ လူမှုရေးဆောင်ရွက်ချက်များ၊ ပညာရေး၊ ဘာသာရေး စသောအကူအညီများကို ထောက်ပံ့ပေးထားကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

တူရကီနိုင်ငံသို့ ထွက်ပြေးလာကြသည့် ဆီးရီးယားစစ်ဘေးဒုက္ခသည် ၂၂၃၉၈၆ ဦးရှိခဲ့ပြီး ၆၆၄၉၆ ဦးတို့မှာ ဆီးရီးယားနိုင်ငံသို့ ပြန်သွားခဲ့ကြောင်း အဆိုပါအေအက်ဖ်အေဒီဌာန၏ ပြောကြားချက်အရ သိရသည်။ **(ဆင်ဟွာ)**

တင်မောင်လွင်-စုစည်းသည်

အကြီးဆုံး စစ်ရေးလေ့ကျင့်မှု မြေထဲပင်လယ်၌ ရုရှားပြုလုပ်

မော်စကို ဇန်နဝါရီ ၂၀

ရုရှားရေတပ်က ပင်လယ်နက်နှင့် မြေထဲပင်လယ်တို့တွင် စစ်ရေးလေ့ကျင့်မှုတစ်ရပ်စတင်ပြုလုပ်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ ဇန်နဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားလက်နက်ကိုင် တပ်ဖွဲ့များ ကြီးကြပ်မှုအောက်မှ စစ်ရေယာဉ်များ၊ တပ်ဖွဲ့ဝင်များ၊ ပင်လယ်နက်နှင့် ဘော်လ်တစ်ပင်လယ်တပ်စခန်းများမှ စစ်သင်္ဘောကြီးရှစ်စင်းလည်း အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်လျက်ရှိသည်။ **(ယာပုံ)**

ယခုပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုသည် ဆယ်စုနှစ်အတွင်း အကြီးမားဆုံး ရေတပ်စစ်ရေးလေ့ကျင့်မှုတစ်ရပ်လည်းဖြစ်သည်။ ရေပြင်အတွင်း အမိန့်ပေးခြင်း၊ တိုက်ခိုက်ခြင်း၊ စစ်ရေယာဉ်များ ဖြန့်ချခြင်းတို့ လေ့ကျင့်ရာတွင် ထောက်ပံ့ရေးရေယာဉ်နှင့် ရဟတ်ယာဉ်များလည်း ပူးပေါင်းပါဝင်ဆင်နွှဲကြသည်။

တစ်ဖန် ရေငုပ်သင်္ဘောများ၊ ဒုံးကျည်တပ်တိုက်ခိုက်ရေးသင်္ဘောများ၊ လေတပ်နှင့် ကြည်းတပ်များမှလည်း ပူးပေါင်းပါဝင်ကာ စစ်ရေးလေ့ကျင့်မှု ပြုလုပ်ကြသည်။

ယခုပြုလုပ်လျက်ရှိသည့် ရေတပ်ပူးပေါင်းစစ်ရေးလေ့ကျင့်မှုကို ဇန်နဝါရီ ၂၉ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

ယခုစစ်ရေးလေ့ကျင့်မှုတွင် ဒုံးကျည်ပစ်ခတ်မှုလေ့ကျင့်ခြင်း၊ တိုက်ခိုက်မှုများလေ့ကျင့်ခြင်းတို့ကို ရေတပ်ဆိုင်ရာ လေတပ်၊ ကြည်းတပ်ဆိုင်ရာအဖွဲ့ပေါင်း ၆၀ ကျော် ဆင်နွှဲကြခြင်းဖြစ်သည်။

(ဆင်ဟွာ)

ပါကစ္စတန်နိုင်ငံ၌ လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ပွား လေးထပ်အဆောက်အအုံတစ်ခုလုံး မီးလောင်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၀

ပါကစ္စတန်နိုင်ငံ၏အရှေ့ပိုင်း မြို့တော်လာဟိုးမြို့၌ လေးထပ်အဆောက်အအုံတစ်လုံး ဇန်နဝါရီ ၁၉ ရက်က မီးလောင်မှုဖြစ်ပွားရာ ရဲအရာရှိတစ်ဦး အပါအဝင် ခြောက်ဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြသည်။

အဆိုပါမီးလောင်မှုသည် လေးထပ်အဆောက်အအုံ၏ တတိယအလွှာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်မီးမတော်တဆဖြစ်ရာမှ မီးစလောင်ခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံတစ်ခုလုံးသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

လုပ်ဆောင်ခဲ့

အဆိုပါမီးသည် အလွန်အားပြင်းလာကာ အနီးရှိအဆောက်အအုံကိုပါ ကူးစက်ခဲ့သည်ဟုဆိုသည်။ ရဲတပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ အပူတပြင်းလုပ်ဆောင်ခဲ့ကြရသည်။

သေဆုံးသူခြောက်ဦးနှင့် ဒဏ်ရာရသူ လေးဦးတို့အား နီးစပ်ရာဆေးရုံသို့ ပို့ပေးခဲ့ပြီး ပိတ်မိသူ ၅၀ အားလည်း ကယ်ထုတ်ခဲ့ရသည်ဟု ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင်က ပြောကြားသွားသည်။ အဆိုပါ မီးကိုငြိမ်းသတ်ရာတွင် မီးသတ်ကား ၁၄ စီးဖြင့် ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

(ဆင်ဟွာ)

B.Ed (1971) ကျောင်းသား ကျောင်းသူဟောင်းများ နှစ်ပတ်လည်မိတ်ဆုံပွဲ

ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ၁၉၆၆ခုနှစ် ဝင်ရောက်သူများ(သို့မဟုတ်) ၁၉၇၁ခုနှစ် ဘွဲ့ရသူများ နှစ်ပတ်လည်မိတ်ဆုံပွဲ ကျင်းပပါမည်။ သူငယ်ချင်းများ ဆက်ဆက်ကြွရောက်တွေ့ဆုံကြပါရန် ခင်မင်စွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၃ ဇန်နဝါရီ ၂၆ (စနေနေ့)

အချိန်နှင့်နေရာ - 1. နံနက် ၉နာရီ (တက္ကသိုလ်များဓမ္မာရုံ၊ မြတ်ဆရာပူဇော်ပွဲ)
2. မွန်းတည့် ၁၂နာရီ (ကုန်းမြင့်သာ စားသောက်ဆိုင်၊ ၇ မိုင်ခွဲ၊ ပြည်လမ်း)

ရန်ကုန်မှ သူငယ်ချင်းများ



ပြည်တွင်းသတင်း

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဒုတိယနေ့အစီအစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဒုတိယနေ့အစီအစဉ်၏ ဖိုရမ်ပဉ္စမပိုင်းကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Banquet Hall ၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး နှုတ်ခွန်းဆက်စကားပြောကြားသည်။

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က Financing and Development (ဘဏ္ဍာရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု)နှင့် ပတ်သက်၍ လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းက Budget and Development (ဘတ်ဂျက်နှင့် ဖွံ့ဖြိုးတိုးတက်မှု) နှင့် ပတ်သက်၍လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းလင်းက Aid Flows (အကူအညီစီးဝင်မှုများ)နှင့်ပတ်သက်၍ လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကမ္ဘာတစ်ဝန်းမှ အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် ဖိုရမ်ဆဋ္ဌမပိုင်းကို ဆက်လက်ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းလင်းက Aid Policy, Aid Management and Sectoral and Regional coordination (အကူအညီမူဝါဒ၊ အကူအညီစီမံခန့်ခွဲမှု၊ ကဏ္ဍအလိုက်နှင့် ဒေသဆိုင်ရာညှိနှိုင်းဆောင်ရွက်မှု)နှင့် စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ဝါဝါမောင်က ကဏ္ဍအလိုက်နှင့် ဒေသဆိုင်ရာညှိနှိုင်းဆောင်ရွက်မှု အသိအမှတ်ပြုရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း အသီးသီးရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကမ္ဘာတစ်ဝန်းမှအလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးကြသည်။

နယူးဇီလန်သံရုံး ပထမအတွင်းဝန် မစ္စတာဘရန့်ရက်ပ်ဆန် ဆွေးနွေးစဉ်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က Nay Pyi Taw Accord for Effective Development Cooperation (ထိရောက်သော ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နေပြည်တော်သဘောတူညီချက်)နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ကမ္ဘာတစ်ဝန်းမှအလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးကြသည်။ အဆိုပါ ဆွေးနွေးချက်များမှာ-

မစ္စတာဘရန့်ရက်ပ်ဆန်
(နယူးဇီလန်သံရုံးပထမအတွင်းဝန်)

ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် အတူတကွလုပ်ကိုင်ရန် နယူးဇီလန်အစိုးရက မြန်မာအစိုးရအား ကူညီဖြည့်ဆည်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့အချိန်ကာလမှာ ယခုဖိုရမ် ကျင်းပဖြစ်ပေါ်လာခြင်း ဖြစ်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီဖိုရမ်ဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာဆိုင်ရာ အကူအညီအထောက်အပံ့များရဲ့ အလွန်အရေးကြီးတဲ့ ညွှန်းပြကိန်းဖြစ်ပါတယ်။ ထို့အတူ မြန်မာအစိုးရရဲ့ လုပ်ကိုင်စွမ်းဆောင်နိုင်မှုများ အမှားအယွင်းများမပါရှိဘဲ ပိုမိုမြင့်မားစေရန်နဲ့ ထောက်ပံ့အားပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရန် ဖြစ်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကိုလည်း မှန်ကန်တဲ့ ကတိကဝတ်များနဲ့ အမြင်ကြည်လင်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် တောင်းဆိုပါတယ်။ ကျွန်ုပ်တို့အနေနဲ့ ဝမ်းနည်းဖွယ်ရာ အမှားများပြုမှုဆောင်ရွက်မှုနဲ့ နောက်ထပ်စိတ်မချမ်းမြေ့ဖွယ် လုပ်ဆောင်မှုများကို မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး မပြုလုပ်မိစေရန်နဲ့ ဤနေရာတွင် အဆုံးသတ်ကြရန် လိုပါတယ်။ လက်တွေ့အကျိုးစီးပွားဖြစ်ထွန်းမှုများကို မျှော်ကိုးပြီး မှန်ကန်သော အသိအမှတ်ပြုမှုနဲ့ အမြင်ရှင်းလင်းပြီး ခိုင်မာသောဆွေးနွေးမှုများ ပြုလုပ်ရန် လိုအပ်ပါတယ်။

မစ္စ ကက်ဂျီ နော်ဒဂက်
(နော်ဝေသံအမတ်ကြီး)

ယခုဆွေးနွေးပွဲမှာ တက်ရောက်လာကြတဲ့ အဖွဲ့အစည်းအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ ဆန္ဒရှိပါတယ်။ မနေ့က ဖွင့်ပွဲမှာဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေနဲ့ ဒီနေ့ ဆွေးနွေးခဲ့တဲ့အကြောင်း

နော်ဝေသံအမတ်ကြီး မစ္စ ကက်ဂျီ နော်ဒဂက် ဆွေးနွေးစဉ်။

အရာတွေဟာ တကယ့်ကိုပဲ စိတ်ဝင်စားစရာကောင်းပါတယ်။ ကျွန်မ အထူးစိတ်ဝင်စားပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ ပြုပြင်ပြောင်းလဲလာတဲ့ အမျိုးသားရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွေမှာ ပူးပေါင်းဆောင်ရွက်သွားဖို့ ကျွန်မတို့နိုင်ငံရဲ့ ခေါင်းဆောင်တွေကို ထောက်ခံအကြံပြုပေးသွားမှာပါ။ လက်ရှိအခြေအနေဟာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု ခြေလှမ်းအစပဲရှိပါသေးတယ်။ အနာဂတ်မှာစိန်ခေါ်မှု အများအပြားရှိနေပါတယ်။ ကျွန်မက ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အခြားသောနိုင်ငံတွေရဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ပတ်သက်လို့ နိုင်ငံတကာအတွေ့အကြုံရှိသူတစ်ဦး ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတွေကို ဖော်ဆောင်နိုင်ဖို့အတွက် ခိုင်မာတဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်ဖို့ လိုအပ်နေပါသေးတယ်။ အဲဒီလိုအပ်နေတဲ့အရာတွေက မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုအတွက် အဓိကလိုအပ်နေတဲ့အရာတွေ ဖြစ်ပါတယ်။

မစ္စတာရောဘတ်ချာဟျန်ကောင်
(စင်ကာပူသံအမတ်ကြီး)

စင်ကာပူနိုင်ငံအနေနဲ့ ဒီဖိုရမ်မှာ ပူးပေါင်းပါဝင်ခဲ့ရမှုအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။ မိမိတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်

စင်ကာပူသံအမတ်ကြီး မစ္စတာရောဘတ်ချာဟျန်ကောင် ဆွေးနွေးစဉ်။

ရွက်မှုတွေအပေါ်မှာရော မြန်မာပြည်သူပြည်သားများရဲ့ အသက်မွေးဝမ်းကျောင်းဘဝများတိုးတက်ကောင်းမွန်ရေးအပေါ်မှာရော ကူညီပေးသွားမှာဖြစ်ပါတယ်။ အခုကျင်းပခဲ့တဲ့ ဖိုရမ်မှနေပြီး အမြင်များဖလှယ်ခွင့်ရခဲ့သလို စိန်ခေါ်မှုတွေနဲ့ ပတ်သက်ပြီးတော့လည်း လေ့လာသိရှိခွင့်ရခဲ့ပါတယ်။ စင်ကာပူနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံအဖြစ်နဲ့ရော ကာလကြာရှည်ပြီးဖြစ်တဲ့ မိတ်ဆွေနိုင်ငံအဖြစ်နဲ့ပါ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အတွင်းမှ အစိုးရဝန်ထမ်းများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းတွေပေးသွားမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဇန်နဝါရီလအတွင်းမှာ စင်ကာပူ-မြန်မာ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို ကျွန်တော်တို့ထူထောင်ခဲ့ပါတယ်။ အဲဒီအစီအစဉ်ကတော့ မြန်မာနိုင်ငံအစိုးရရဲ့ ပြုပြင်ပြောင်းလဲရေး အားထုတ်ကြိုးပမ်းမှုများနဲ့ မြန်မာနိုင်ငံရဲ့ တိုးတက်ပြောင်းလဲမှုတွေကို ထောက်ခံအားပေးဖို့နဲ့ နည်းပညာပိုင်းဆိုင်ရာ ပိုမိုထောက်ပံ့ပေးဖို့ ရည်ရွယ်ပါတယ်"ဟု ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် Nay Pyi Taw Accord for Effective Development Co-operation (ထိရောက်သော ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နေပြည်တော် သဘောတူညီချက်)ကို အတည်ပြုချမှတ်သည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုသည့် ရည်မှန်းချက်နှင့် ယခုဖိုရမ်ကို စီစဉ်ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း မိမိတို့အားလုံး အမျိုးသားဆိုင်ရာ ဦးစားပေးလုပ်ငန်းများ အောင်မြင်ရေးကို အတူတကွဝိုင်းဝန်း ဆောင်ရွက်ကြရန် ယခုအစည်းအဝေးတွင် တိုက်တွန်းခဲ့ပါကြောင်း၊ မိမိတို့၏ လုပ်ငန်းစဉ်အဆင့်ဆင့်ကို အားလုံးကြားသိရှိခဲ့ပြီးဖြစ်ရာ အဆိုပါလုပ်ငန်းစဉ်များမှာ ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီး အဆင့်နှင့် အစိုးရ၏ကဏ္ဍများစွာတွင်လည်း ပါဝင်နေပါကြောင်း။

ပြည်ထောင်စုအဆင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်ပြီး မိမိတို့ကို လမ်းညွှန်ပေးသည့် အစိုးရအသိအမှတ်ပြု မူဘောင်တစ်ရပ်ရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည့်စုံသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအပါအဝင် အခြားသော စီမံချက်များ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ယခုရေးဆွဲထားသည့် မူဘောင်ကလမ်းညွှန်မှုပြုရေးပင်ဖြစ်ပါကြောင်း၊ ဦးစားပေးလုပ်ငန်းများနှင့် အစီအစဉ်များအတွက် ငွေကြေးထောက်ပံ့ရေးသည် အဓိက လုပ်ငန်းကြီးတစ်ရပ်ဖြစ်ပါကြောင်း၊ ပြည်တွင်းအရင်းအမြစ်များပိုမိုရရှိရေး လုပ်ဆောင်ရမည့်နည်းလမ်းကို မိမိတို့ ရှင်းပြပြီးဖြစ်ပါကြောင်း၊ အဆိုပါ ရည်မှန်းချက်များအထမြောက်စေရေးအတွက် ကြီးမားသည့် ငွေကြေးကွာဟမှုများ ရှိနေဆဲပင်ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံခြားအကူအညီများ ပိုမိုလွယ်ကူသည့်နည်းလမ်းဖြင့် ဝင်ရောက်လာနိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြုပြင်ပြောင်းလဲမှုနှင့် ရင်းနှီးမြှုပ်နှံမှု အထမြောက်စေရေးအတွက် အတူတကွလက်တွဲဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ကဏ္ဍနှင့် အဆင့်အလိုက်ရည်မှန်းချက်များ အောင်မြင်စေရန် လက်တွေ့ကျသည့် လုပ်ဆောင်ချက်များကို ဦးစားပေးလုပ်ဆောင်လိုပါကြောင်း၊ မိမိတို့အားလုံး တူညီသော နားလည်မှုရရှိစေရန်မှာ အချိန်အတိုင်းအတာ အနည်းငယ်လိုအပ်ပါကြောင်း၊ ထိုကိစ္စများကိုဖြစ်မြောက်လာစေရေးအတွက် ယခုအစည်းအဝေးကြီးကို ကျင်းပရခြင်း၏ ရည်ရွယ်ချက်ပင်ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ မိမိတို့လမ်းညွှန်ချက်များ ချမှတ်ခဲ့ပါကြောင်း၊ သို့ရာတွင် ထိရောက်သည့်အကူအညီများကို မည်သို့မည်ပုံလုပ်ဆောင်ရမည်ဆိုသည်မှာ အဓိကနည်းလမ်းပင်ဖြစ်ပါကြောင်း၊ ဤချမှတ်ချက်သည် နိုင်ငံတကာသို့ ခိုင်မာသောသတင်းတစ်ရပ်ကို ပေးပို့လိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ မိမိတို့သည် ရှေ့သို့လျင်မြန်စွာ အားကြိုးမာန်တက်ဖြင့် လုပ်ဆောင်သွားရန်ဖြစ်ပါကြောင်း၊ ပြည်သူကိုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသောရလဒ်များရရှိရန် ဤနည်းလမ်းများဖြင့် မိမိတို့လုပ်ဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဖိုရမ်နှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်ကို ဖတ်ကြားသည်။

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဒုတိယနေ့အစီအစဉ် ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဒုတိယနေ့အစီအစဉ်များ ကျင်းပရာသို့ တက်ရောက်လာကြသည့် ကမ္ဘာတစ်ဝန်းမှ အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင်

Edward Anderson,
Program Manager,
Myanmar of the Asia Foundation

မေး။ ။ ယခုအစည်းအဝေးတွင် ဆွေးနွေးစရာ ခေါင်းစဉ်အများအပြားရှိသည့်အနက် လူကြီးမင်းတို့ဆွေးနွေးမည့် ခေါင်းစဉ်ကို သိပါရစေ။

ဖြေ။ ။ ကျွန်တော်တို့ ဆွေးနွေးတဲ့ ခေါင်းစဉ်ကတော့ စိတ်ဝင်စားစရာအလွန်ကောင်းပါတယ်။ မီဒီယာနှင့် အုပ်ချုပ်ရေးဆိုင်ရာပြောင်းလဲမှုများ ခေါင်းစဉ် ဖြစ်ပါတယ်။ အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုတွေကိုလည်း မြန်မာနိုင်ငံမှာ တွေ့မြင်နေရပါတယ်။

မေး။ ။ လူကြီးမင်းရဲ့ ကိုယ်ပိုင်အမြင်ကို ပြောပြနိုင်မလား။

ဖြေ။ ။ ကျွန်တော်ထင်ပါတယ်။ ဒါဟာ နှစ်လိုဖွယ်ကောင်းတဲ့ ပထမဆုံးအခွင့်အရေးတစ်ရပ်ပါပဲ။ အလှူရှင်တွေကို မြန်မာနိုင်ငံအနေနဲ့ နိဒါန်းတစ်ရပ်ဖွင့်လှစ်တာဖြစ်ပြီး အလှူရှင်များဘက်ကလည်း မြန်မာအစိုးရကို လိုလိုလားလားရှိပါတယ်။ ဒါဟာ ပြောင်းလဲလာတဲ့ အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ဆွေးနွေးမှုတိုင်းဟာ အပြုသဘောဆောင်ပြီး အနာဂတ်ကာလမှာလည်း ဒီလိုပဲ အများကြီးဆွေးနွေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံအစိုးရကိုလည်း ဒီလိုဖိုရမ်မျိုးအများကြီးဆက်လက် ကျင်းပဖို့ တိုက်တွန်းပါတယ်။ ကျေးဇူးတင်ပါတယ်။

Angsana Shihapitak,
Deputy Director-General
of Thailand International
Development Cooperation Agency

မေး။ ။ ဒီအစည်းအဝေးအပေါ် လူကြီးမင်းရဲ့အမြင်ကို သိချင်ပါတယ်။

ဖြေ။ ။ ဒီ အစည်းအဝေးဟာ နိုင်ငံခေါင်းဆောင်များနှင့် မိတ်ဖက်နိုင်ငံများအကြား နှစ်ဦးနှစ်ဖက် အလွန်အကျိုးရှိပါတယ်။ အဖွဲ့အစည်းအားလုံး တက်ရောက်ပြီး လွတ်လပ်စွာ အမြင်တွေကို ဖလှယ်နိုင် ပါတယ်။ ကျွန်တော်တို့အတွက် ဒါဟာ အခွင့်အလမ်းကောင်း တစ်ရပ်ဖြစ်ပါတယ်။

မေး။ ။ နောင်လာမယ့်အနာဂတ်မှာ မြန်မာနိုင်ငံရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်မယ့်အခြေအနေကို သုံးသပ်ပေးပါခင်ဗျား။

ဖြေ။ ။ ဖွံ့ဖြိုးတိုးတက်ဖို့ ရာနှုန်းပြည့်သေချာပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူတွေရဲ့စွမ်းအားနဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့်ပါပဲ။ မြန်မာနိုင်ငံဟာ အခုအချိန်မှာ အထီးမကျန်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အာဆီယံနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများသို့ပါ ပူးပေါင်းဆောင်ရွက်နေလို့ပဲ ဖြစ်ပါတယ်။

မေး။ ။ နောင်အနာဂတ်ကာလမှာ တိုးတက်မှုရဲ့အသီးအပွင့်တွေကို ခံစားရမယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်၊ လူကြီးမင်းရောဘယ်လိုထင်ပါသလဲ။

ဖြေ။ ။ သေချာပါတယ်။ ခင်ဗျားတို့နိုင်ငံဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို အများကြီး ဆွဲဆောင်နိုင်ပါတယ်။ ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုတွေကိုလည်း လျှော့ချနိုင်ခဲ့ပါပြီ။ ခင်ဗျားတို့မျှော်လင့်တဲ့ ရည်မှန်းချက်ကို ရောက်မယ်ဆိုတာ သေချာပါတယ်။ ဒါဟာကောင်းတဲ့ လက္ခဏာတစ်ရပ်ပါ။

Barbara Manzi,
Head of Office of
UNOCHA Myanmar

မေး။ ။ ဒီအစည်းအဝေးနဲ့ ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။

ဖြေ။ ။ ဒီ အစည်းအဝေးဟာ စိတ်ဝင်စားဖွယ်ကောင်းပြီး မြန်မာအစိုးရနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးတဲ့ နိုင်ငံများ တွေ့ဆုံညှိနှိုင်းပွဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ငလျင်၊ ရေကြီးခြင်း၊ မုန်တိုင်း အစရှိသော သဘာဝဘေးများနဲ့ ကြုံတွေ့နေရပါတယ်။ ဒီလို ဘေးများဟာ ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျစေပါတယ်။ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လူမှုဝန်ဆောင်မှု လုပ်ငန်းများမှာ ကျွန်တော်တို့အနေနဲ့ ကူညီဆောင်ရွက်ပေးနိုင်ပါတယ်။ ဒီကဏ္ဍတွေဟာ သိပ်ကိုအရေးပါပါတယ်။ ဒီလို ကူညီနိုင်ဖို့ကိုလည်း ဒီအစည်းအဝေးမှာ ကျွန်တော်တို့ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ အစိုးရနဲ့ ကျွန်တော်တို့အဖွဲ့အစည်းတွေမှာ ဆက်လက်ပူးပေါင်း ဆောင်ရွက်ဖို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ အတူတကွ ဆောင်ရွက်ဖို့လိုပါတယ်။ ကျေးဇူးတင်ပါတယ်"ဟူ၍ ပြောကြားခဲ့သည်။

ယင်းနောက် ပြည်တွင်းရှိ သတင်းမီဒီယာများက ပြည်ထောင်စုဝန်ကြီးအား ဖိုရမ်ကျင်းပခဲ့မှုများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြစ်ကြီးနားမြို့တွင်း တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၀

ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းသည် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ပြီး ဆေးရုံပင်မဆောင်အကြီးစားပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြစ်ကြီးနားမြို့ နောင်နန်းရပ်ကွက်ရှိ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း ကတ္တရာထပ်ပိုးလွှာခင်းနေမှု၊ စီတာပူရပ်ကွက်ရှိ ဆိမ်ဆာ့ (ငြိမ်းချမ်းရေး)လမ်း အမာခံကျောက်ခင်းနေမှု၊ ဒူဝါဇော်ရစ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းနေမှု၊ တက္ကသိုလ်လမ်းနှင့် ဆိမ်ဆာ့(ငြိမ်းချမ်းရေး)လမ်း အဝိုင်းပတ်လမ်းဆောင်ရွက်ပြီးစီးမှု၊ အေးစေတီရပ်ကွက်ရှိ အေးစေတီလမ်းဆုံ အဝိုင်းပတ်လမ်း ဆောင်ရွက်ရန်လျာထားမှု၊ အေးစေတီ-ရွှေညောင်ပင်လမ်း၊ ကျွန်းပင်သာရပ်ကွက်ရှိ ဒေသန္တရလမ်းနှင့် ယုဇနရပ်ကွက်ရှိ ဇေယျာလမ်းတို့အား ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်

ပထမအကြိမ်မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် အစည်းအဝေးကျင်းပခဲ့မှုနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာသည်။ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်မှ ပထမဆုံးအကြိမ်မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို နေပြည်တော်တွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ဦးဆောင်ကျင်းပခဲ့ပါသည်။ အဆိုပါ ဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီးပွားရေးဝန်ကြီးများ၊ လွှတ်တော် (၃)ရပ်မှ ကိုယ်စားလှယ်များ၊ မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း (၅၇)ခုတို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဖိုရမ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ အဖွင့်မိန့်ခွန်း ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များသည် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်သွားရန် အလေးပေး၍ ပြောကြားခဲ့ပါသည်။ နိုင်ငံတော်သမ္မတမှ မြန်မာနိုင်ငံအစိုးရသည် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး မူဘောင်နှင့်အညီ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့်ဖွံ့ဖြိုးမှုမိတ်ဖက်များအား မြန်မာနိုင်ငံ၏ ဦးစားပေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်စေလိုပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ဦးစားပေးလုပ်ငန်းစီမံကိန်းများတွင် ပူးပေါင်းပါဝင်စေလိုပါကြောင်းနှင့် အစိုးရအဖွဲ့၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများတို့သည် စနစ်တကျနှင့် ထင်သာမြင်သာရှိစွာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်များသည် မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ သမိုင်းဝင်ထူးခြားမှုများကို အသိအမှတ်ပြုပါကြောင်းနှင့် နိုင်ငံတော်သမ္မတ၊ ၎င်း၏ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိုရမ်တွင် ဆွေးနွေးတင်ပြသူများအားလုံး၏ တင်ပြမှုများနှင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး မူဘောင်အပေါ် ချီးကျူးပြောကြားခဲ့ပါသည်။

မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျယ်ပြန့်စွာဆောင်ရွက်နေမှုများ၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ ဒီမိုကရေစီ လျင်မြန်စွာ မြှင့်တင်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုအဆင့်(၃)ဆင့် ချမှတ်ဆောင်ရွက်နေမှုများကိုလည်းကောင်း ချီးကျူးပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှု အရေးပါမှုနှင့် တရားဥပဒေ စိုးမိုးရေးနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသည့် အမျိုးသားရေးညီညွတ်မှုများအပေါ် အလေးထားပြောကြားသွားပါသည်။

မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး တည်ဆောက်မှုကြိုးပမ်းချက်များ၊ အပစ်အခတ် ရပ်စဲသည့်ဒေသများတွင် နိုင်ငံရေးအရ ဖြေရှင်းနေမှုများနှင့် ပဋိပက္ခဒေသများတွင် ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိအောင် ဆောင်ရွက်မည်ဟု သမ္မတကြီး၏ ကတိကဝတ်ပြုမှုများကို ထောက်ခံကြပါသည်။

စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင်နှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအပါအဝင် လက်ရှိရေးဆွဲထားသော အဓိကစာတမ်းများတွင် ပါရှိသည့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများကို အစည်းအဝေးတွင် ဆွေးနွေးခဲ့ပါသည်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မှုမှတစ်ဆင့် ဆင်းရဲမှုလျှော့ချရေး ကြိုးပမ်းဆောင်ရွက်ချက်များ၏ အရေးပါမှုကို အလေးပေး တင်ပြခဲ့ပါသည်။ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် သန့်ရှင်းသောအစိုးရ၊ ပုဂ္ဂလိကကဏ္ဍကဦးဆောင်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် အများပါဝင် ဆုံးဖြတ်ဆောင်ရွက်သော နည်းလမ်းများ တည်ထောင်ခြင်းတို့အပါအဝင် အစိုးရ၏ အဓိကဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများနှင့် ဦးစားပေးလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများက လေးလေးနက်နက်အတည်ပြုခဲ့ပါသည်။ ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းများကိုလည်း သီးခြားဆွေးနွေးပွဲ (၁၂) ခု တစ်ပြိုင်နက်တည်းကျင်းပပြီး အစိုးရဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတာဝန်ရှိသူများနှင့် ဒေသအာဏာပိုင်များ၏ အကြံပြုချက်များအပါအဝင် အကြံပြုဆွေးနွေးချက်များကို ဆောင်ရွက်ခဲ့ပါသည်။

စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှု မူဘောင်တွင် ဖော်ပြထားသည့် (အလျင်အမြန်အကောင်အထည်ဖော် အောင်မြင်နိုင်မည့် လုပ်ငန်းစဉ်များ) အပါအဝင် ယင်းကို ကျွမ်းကျင်သည့် ကဏ္ဍများကိုပါ လက်တွဲဖော်ဆောင်ခြင်း ဦးစားပေးဆောင်ရွက်ရန် မိတ်ဖက်အဖွဲ့အစည်းများက သဘောတူခဲ့ပါသည်။

ကဏ္ဍအလိုက် မဟာဗျူဟာများ ဖော်ထုတ်ရန်နှင့် ယင်းတို့ကို အကောင်အထည်ဖော်ရေး ဦးတည်ဆောင်ရွက်ရန် ကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအား တည်ထောင်ရန် သဘောတူခဲ့ကြပါသည်။

ပြည်တွင်းတွင် ဝင်ငွေတိုးပွားရရှိရန် အစီအမံများသာမက ပြည်ပမှအထောက်အပံ့လိုအပ်ချက်များအပါအဝင် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးလိုအပ်ချက်များကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဖြည့်ဆည်းမှုကို အချိန်ကာလတစ်ခုတွင် မိမိဘာသာ ရပ်တည်ဆောင်ရွက်နိုင်ရေး မြန်မာအစိုးရ၏ရည်မှန်းချက်များကိုလည်း မိတ်ဖက်အဖွဲ့အစည်းများက အားပေးကြိုဆိုခဲ့ကြသည်။

မြန်မာအစိုးရ၏ ဘဏ္ဍာငွေ ခွဲဝေထောက်ပံ့ပေးမှုတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဦးစားပေးကဏ္ဍများ အထူးသဖြင့် ငွေကြေးထောက်ပံ့ပေးမှု လွန်စွာနည်းပါးနေသေးသော ကဏ္ဍများကို ပိုမိုထောက်ပံ့ခွဲဝေပေးမှုများ လုပ်ဆောင်လာနိုင်မည်ဟု မိတ်ဖက်အဖွဲ့အစည်းများက မျှော်လင့်ထားကြပါသည်။

မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများသည် အကူအညီအထောက်အပံ့များကို အကျိုးရှိစွာ သုံးစွဲပြီး ပြည်ပမှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့များ ပိုမိုရရှိစေရန် အထောက်အကူဖြစ်ကြောင်း သဘောတူခဲ့ကြပါသည်။

နိုင်ငံတကာအထောက်အပံ့များကို အကျိုးရှိရှိနှင့် စွမ်းဆောင်ရည်ပြည့် ပြည့်ဝဝအသုံးချနိုင်စေမည့် နိုင်ငံတကာ အထောက်အပံ့စီမံခန့်ခွဲရေး မူဝါဒများနှင့်စနစ်များ ဖော်ထုတ်ဆောင်ရွက်ရန်အတွက် မြန်မာအစိုးရအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်မည်ဖြစ်ပါသည်။

ယခုဖိုရမ်၏ ဆောင်ရွက်ချက်များကို အရှိန်အဟုန်မပြတ် ဆက်လက်တိုးတက်ဆောင်ရွက်နိုင်ရန် ပြန်လှန်ဆွေးနွေးချက်များ ပုံမှန်ပြုလုပ်နိုင်မည့် အစီအမံများကို အကောင်အထည်ဖော်ရန်လည်း သဘောတူခဲ့ကြပါသည်။

"ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော်သဘောတူညီချက်" ကို အတည်ပြုခြင်းဖြင့် ယခုဖိုရမ်ကို အောင်မြင်စွာ နိဂုံးချုပ်နိုင်ခဲ့ပါသည်။

Expression of Interest (UN-WFP)

ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (UNWFP) သည် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖြန့်ဝေရေး လုပ်ငန်းများကို ဆောင်ရွက်နေသည့် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ [illegible] (UNWFP) [illegible] Registered Manpower Company [illegible] (UNWFP) [illegible] (UNWFP) [illegible]

Food Items

Rates: Loading/Unloading/Restacking and Reconstitution

Commodity	Categories
Rice/Pulse/Salt (Bags)	Loading/Unloading
Blended Food/Oil (Cartons)	Loading/Unloading
Rice/Pulse/Salt (Bags)	Restacking
Blended Food/Oil (Cartons)	Restacking
Rice/Pulse/Salt/Blended Food/Oil	Reconstitution

Non-Food Items

Warehouse general cleanliness, Grass slashing, Loading/unloading NFI on the basis of daily labour rate.

[illegible] (Logistics Unit)
[illegible]

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁-၂၀၁၃ (တနင်္လာနေ့)

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ရတနသုတ်
- ၅:၃၀ **ကုသိုလ်(၄)မျိုး တရားတော်** (ဆရာတော်မေ့ဒူတအရှင်ပညာဝရ)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တစ်စင်းထဲသောလမင်း** (အပိုင်း-၁၂၃)
- ၈:၅၀ ကလေးတို့အတွက်လမ်းညွှန် THREE W SHOP
- ၉:၀၅ စာအုပ်ပြခန်း (အောင်မြင်မှုဥပဒေသ)(ကြည့်ရှုန်း)
- ၉:၄၅ ကိုယ်ကျန်းမာစိတ်ရွှင်လန်းဖို့ Kanbewza Wellness Centre ကိုသွားကြစို့
- ၁၂:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၂:၅၅ နှလုံးခုန်မမှန်ခြင်းများကို ရှာဖွေခြင်းနှင့်ကုသခြင်း
- ၅:၂၀ Minute to Win It
- ၇:၄၀ ဂီတသရုပ်ပြခန်း(စိမ့်နေခြည်)
- ၉:၀၀ 19;18 Live Show (Part-1)
- ၂:၀၀ ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနဲ့သူ့လက်ရာ
- ၂:၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃:၅၅ နယ်ဥဆန်းထွင် သစ်သီးအလှဆင် (အကြော်ပွဲအလှဆင်နည်း)
- ၄:၁၅ မြစ်သံလွင်ကမ်းနံဘေးက… အေးချမ်းသည့်နားခိုရာ…
- ၄:၃၀ ဘဝဆည်းဆာအလှူရှင်များ၏ နားခိုရာ

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၃၀	Southampton-Everton	(ESPN)

ဆေးတက္ကသိုလ် (၂)ရန်ကုန် နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကျင်းပမည်

ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂ရက်နှင့် ၃ရက်နေ့များတွင် ကျောင်းပရဝဏ်အတွင်း၌ ဖော်ပြပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ပါဝင်ဆင်နွှဲကြရန် အသိပေး နှိုးဆော်အပ်ပါသည်။

၂-၂-၂၀၁၃ရက် (ပထမနေ့အစီအစဉ်)

- (က) ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း။
- (ခ) ရွှေရတုအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်း။
- (ဂ) သံဃာတော် အပါး ၅၀အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်း။
- (ဃ) ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း။
- (င) ညစာစားပွဲ ကျင်းပခြင်း။

၃-၂-၂၀၁၃ရက် (ဒုတိယနေ့အစီအစဉ်)

- (က) အသက် (၇၀)နှင့်အထက် ဆရာ ဆရာမကြီးများအား ကန်တော့ခြင်း။
- (ခ) နှစ် (၅၀)ပြည့်ရွှေရတုအထိမ်းအမှတ် ဟောပြောပွဲကျင်းပခြင်း။
- (ဂ) ပြပွဲပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း။
- (ဃ) ပဒေသာကပွဲ ကျင်းပခြင်း။

ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျောင်းသူ ကျောင်းသားဟောင်းများ အားလုံး ပါဝင်ဆင်နွှဲကြစေလိုပါကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား ကျင်းပရေးကော်မတီ

အမည်ပြောင်း

ဦးဇော်ဝင်းလှိုင်၏ သား မောင်ဟိန်းထက်ဇော် ၁၂/မရက(နိုင်)၁၄၉၄၈၀ကို ယနေ့မှစ၍ မောင်ဖွဲ့လင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဖွဲ့လင်းထက်

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ မနန်းကေဟွမ်ဖူး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း(ခ)ဦးကျော်မင်း(ခ)ဦးစိုင်းဇော်မင်း ၁၃/ကတန(နိုင်)၀၅၄၅၀၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးဇော်မင်း(ခ)ဦးကျော်မင်း(ခ)
ဦးစိုင်းဇော်မင်း

မြန်မာတို့ရဲ့မုန်းရွှေ | ဥုဗ္ဗ ဒေ..မြန်နည်းများကို ဖွင့်ချလိုက်သည်။ | သင့်အတွက် ဗေဒင်သက်တာ



ဝင်းဇော် (သစ်တော)

မြန်မာတို့ရဲ့မုန်းရွှေ

ဘိကမ္ဘာမြေပြင်ပေါ်မှာ မြေဝယ်၊ အိမ်ဝယ်၊ အိမ်ခန်းဝယ်၊ အိမ်ဆောက်၊ အိမ်တက်မင်္ဂလာ လုပ်မယ်ဆိုရင်

အကျိုးစီးပွားဖြစ်ထွန်းစေသော မြေရွေး၊ အိမ်ဆောက်၊ အိမ်တက်မင်္ဂလာ ပြုလုပ်နည်းပညာ

စကြဝဠာမ နှင့် ဥုဗ္ဗ

(စာအုပ် + DVD)

သင့်အတွက် ဝင်းဇော် (သစ်တော)

ဗေဒင်သက်တာ မဟာစာတမ်း

ဆရာကြီးမင်းသိမ်

ထုတ်ဝေ — မရမ်းတလင်းစာပေ — ဖုန်း–၀၉–၀၁ ၄၄၃၂၉၇ E-mail : marantalin.books@gmail.com

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အစည်းအဝေးမှ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင်ထိရောက်မှုရှိစေမည့် နေပြည်တော်သဘောတူညီချက် အတည်ပြုချမှတ်

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်အစည်းအဝေးတွင် အတည်ပြုချမှတ်ခဲ့သော "ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော်သဘောတူညီချက်"အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော် သဘောတူညီချက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသည် ပြည်သူများ၏ လူနေမှုဘဝ ပိုမိုတိုးတက်ကောင်းမွန်ပြီး ခေတ်မီ၍ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတစ်ခု ဖြစ်ပေါ်စေရန်အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရသည် အမှန်တကယ် ရရှိနိုင်သည့်ရလဒ်များကို စူးစိုက်၍ ပြည်သူဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိရန် မျှော်မှန်းချက်ထားပါသည်။ မြန်မာနိုင်ငံအစိုးရသည် ထောင်စုနှစ်ရည်မှန်းချက်များရရှိရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရန် နိုင်ငံတကာအကူအညီ အထောက်အပံ့များဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ခိုင်မာစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ရာတွင် နိုင်ငံတကာအသိုက်အဝန်း၏ အသိပညာဗဟုသုတ၊ အတွေ့အကြုံနှင့် အရင်းအမြစ်များကို အသုံးပြုနိုင်ရန်အတွက် အစိုးရသည် နိုင်ငံတကာအသိုက်အဝန်းနှင့် ပြန်လည်ဆက်ဆံလျက်ရှိပါသည်။ အစိုးရအနေနှင့် ပြည်သူများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအတွက် ဤသို့ပူးပေါင်းဆောင်ရွက်မှုမှ အမြင့်မားဆုံး အကျိုးကျေးဇူးကို ရရှိစေရေးဆောင်ရွက်ရန် တာဝန်ရှိသည်ကို သိရှိပါသည်။ မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များသည် ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုထိရောက်ရေးအတွက် ခိုင်မာသော လုပ်ဆောင်ချက်များကို ဆောင်ရွက်သွားရန် သဘောတူညီကြပါသည်။ ဤ "ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော် သဘောတူညီချက်"သည် မြန်မာနိုင်ငံ၏ တစ်မူထူးခြားသော သမိုင်းကြောင်း၊ နှုန်းစံတန်ဖိုးများ၊ အုပ်ချုပ်မှုစနစ်များ၊ လူမှုစီးပွားအခြေအနေများအပေါ် အခြေခံ၍ ရှင်းလင်းပြီး ကြီးကြပ်ရန် လွယ်ကူသော လုပ်ငန်းရပ်များကို ဖန်တီးနိုင်မည့် ပြည်တွင်းအခြေအနေနှင့် ကိုက်ညီမှုရှိသည့် ကတိကဝတ်များဖြစ်ပါသည်။

ဤကတိကဝတ်များသည် အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ဆွေးနွေးမှုများနှင့် ပဲရစ်ကြေညာချက်၊ အက္ကရာလုပ်ငန်းစဉ်တို့ အပါအဝင် နိုင်ငံတကာတွင် အကူအညီ ထိရောက်မှုရှိရေးဆိုင်ရာ ဆွေးနွေးမှုများ၏ ရလဒ်များအပေါ် အခြေခံ၍ ချမှတ်ထားခြင်းဖြစ်ပါသည်။ အထူးသဖြင့် နေပြည်တော်သဘောတူညီချက်သည် စတုတ္ထအကြိမ် အကူအညီ ထိရောက်မှုရှိရေး အဆင့်မြင့်ဖိုရမ်တွင် ဆွေးနွေးမှုများကို အလေးထားစဉ်းစား၍ "ထိရောက်သည့် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအတွက် ဘူဆန်မိတ်ဖက်ပြုမှု"တွင် ချမှတ်ခဲ့သည့် သဘောတရားများဖြစ်သည့် အစိုးရမှပိုင်ဆိုင်မှု၊ အကျိုးရလဒ်အတွက် စူးစိုက်ဆောင်ရွက်မှု၊ ပြည်သူတစ်ရပ်လုံး ပါဝင်ခံစားနိုင်မည့် ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်မှု၊ မြင်သာထင်သာရှိမှုနှင့် တာဝန်ခံမှုတို့ကို ဆက်လက်ထိန်းသိမ်းထားပါသည်။

"ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော်သဘောတူညီချက်"ကို အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ အပြန်အလှန်တာဝန်ခံမှုဖြင့် အတူတကွ ရေးဆွဲချမှတ်ခြင်း ဖြစ်ပါသည်။ ယင်းသို့ ရေးဆွဲရာတွင် အာရှဒေသရှိ နိုင်ငံများနှင့် တစ်ကမ္ဘာလုံးတွင် ချမှတ်ထုတ်ပြန်ခဲ့သည့် ဖွံ့ဖြိုးမှုအတွက် ထိရောက်မှုရှိရေးဆိုင်ရာ သဘောတူညီချက်များစွာတို့ကိုလည်း လေ့လာပါသည်။ မြန်မာနိုင်ငံအစိုးရသည် လာမည့်နှစ်များအတွင်း ပိုမိုကျယ်ပြန့်သည့် ဖွံ့ဖြိုးမှုအတွက် ထိရောက်မှုရှိရေးကို မြှင့်တင်ရန် အခြားနိုင်ငံများတွင် ဆောင်ရွက်သကဲ့သို့ အလားတူ အစီအစဉ်များဖြင့် ဆက်လက်တိုးမြှင့် လုပ်ဆောင်သွားရန် ရည်ရွယ်ပါသည်။ ယင်းအတွက် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် ယခုသဘောတူညီချက်ဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရသည် အောက်ပါအတိုင်း ဆောင်ရွက်ရန် ကတိကဝတ်ပြုပါသည်။

ဦးစားပေးဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် စီမံကိန်းများရေးဆွဲချမှတ်ရာတွင် ဆက်လက်၍ ပိုမိုနက်ရှိုင်းစွာညှိနှိုင်းဆွေးနွေးသွားရန်

- အစိုးရ၏ အဆင့်တိုင်း(ပြည်ထောင်စုအဆင့်၊တိုင်းဒေသကြီး/ ပြည်နယ်နှင့် ဒေသအဆင့်)တွင် အသိပညာ မျှဝေမှုနှင့် ညှိနှိုင်းဆွေးနွေးမှုစနစ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊
- အရပ်ဘက်အဖွဲ့အစည်းများကို ပူးပေါင်းပါဝင်စေခြင်းဖြင့် ပိုမိုနီးကပ်စွာ ဆက်ဆံသွားရန်နှင့် အထူးသဖြင့် အမျိုးသမီးများ၊ လူနည်းစုလူမျိုးများအနေနှင့် ပိုမိုပြောရေးဆိုခွင့်ရရှိစေရန်၊
- ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ သဘောထားအမြင်များကို ထည့်သွင်းစဉ်းစားရန်၊

အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများပေါ်ပေါက်ရေးအတွက် စူးစိုက်ဆောင်ရွက်ရန်

- လူ့အခွင့်အရေးကို အသိအမှတ်ပြုခြင်းနှင့် ပြည်သူများပါဝင်ဆောင်ရွက်နိုင်သည့်လုပ်ငန်းစဉ်များဖြင့် ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားစေရန်၊
- တရားဥပဒေစိုးမိုးရေး ပိုမိုခိုင်မာစေရန်နှင့် တရားမျှတမှုနှင့် သတင်းအချက်အလက်များရရှိနိုင်မှု ပိုမိုကောင်းမွန်စေရန်၊
- မူဝါဒချမှတ်ခြင်း၊ ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် အောက်ခြေအဆင့် ဝန်ဆောင်မှုပေးခြင်းတို့တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်နိုင်မည့် ဝန်းကျင်တစ်ရပ် ဖန်တီးပေးရန်၊
- ဈေးကွက်ကိုအခြေခံ၍ ပြည်သူအားလုံး ပါဝင်ခံစားနိုင်မည့် ဖွံ့ဖြိုးမှုနှင့် ရေရှည်တည်တံ့သည့်တိုးတက်မှုရရှိရေးလုပ်ဆောင်ရာတွင် ပစ္စည်းပိုင်ဆိုင်မှုတွင် လုံခြုံမှုရှိရေး အပါအဝင် ဆင်းရဲသူများကို အလေးပေးစူးစိုက်ဆောင်ရွက်ခြင်းဖြင့် ထောင်စုနှစ် ရည်မှန်းချက်များရရှိရေးကို အရှိန်တိုးမြှင့်လုပ်ဆောင်ရန်၊
- ပဋိပက္ခဖြစ်ပွားသည့် ဒေသများတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ညီညွတ်ရေးကို မြှင့်တင်ရန်အတွက် ငြိမ်းချမ်းရေးတည်ဆောက်မှု၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို အရှိန်တိုးမြှင့်လုပ်ဆောင်ရန်၊

ထိရောက်သည့်ဆုံးဖြတ်ချက်ချမှတ်မှု ဖြစ်ပေါ်စေရန်

- စာရင်းအင်းစနစ်နှင့် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးမြင့်မားရေး အပါအဝင် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချမှတ်မှုကို တည်ဆောက်လုပ်ဆောင်ရန်၊
- ဖွံ့ဖြိုးမှုစီမံကိန်းအားလုံးတွင် စွမ်းဆောင်ရည်မြင့်မားစေရေး ရည်မှန်းချက်ကို ထည့်သွင်းလုပ်ဆောင်ရန်နှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင့်လျော်သည့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရန်၊
- အမျိုးသားအဆင့်၊တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများကို ရလဒ်မူဘောင်များ သတ်မှတ်ဖော်ပြ၍ ဦးစားပေးအစီအစဉ်အလိုက် ကုန်ကျစရိတ်များဖြင့် ရေးဆွဲပုံနှိပ်ရန်နှင့် ဘတ်ဂျက်ခွဲဝေမှုနှင့်ပြည်သူ့ရေးရာမူဝါဒဆုံးဖြတ်ချက်များတွင် အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများကို ထင်ဟပ်စေရန်၊

အချိတ်အဆက်မိ၍ စွမ်းဆောင်ရည်ရှိသည့် အကူအညီ အထောက်အပံ့ စီမံခန့်ခွဲရေးစနစ် ဖွံ့ဖြိုးလာစေရန်

- ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ခွင့်ပြုပေးခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို ပုံနှိပ်ထုတ်ဝေခြင်း၊ သုံးသပ်ခြင်းနှင့် တစ်ပြေးညီဖြစ်ရေးလုပ်ဆောင်ရန်၊
- စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းကို အထောက်အကူပြုရန်အတွက် နိုင်ငံခြားအကူအညီစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်တစ်ရပ် ဖြစ်ပေါ်ရေး လုပ်ဆောင်ရန်နှင့် အစိုးရနှင့်ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ နိုင်ငံခြားအကူအညီ အထောက်အပံ့များ ထိရောက်မှုရှိရေးဆောင်ရွက်မှုကို စောင့်ကြပ်ကြည့်ရှုနိုင်မည့် မူဘောင်တစ်ရပ် ဖြစ်ပေါ်စေရန်၊
- အမျိုးသားအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ကဏ္ဍအလိုက် အဆင့်များတွင် အစိုးရဦးဆောင်၍ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပုံမှန်ဆွေးနွေးနိုင်မည့်စနစ်များ ဖန်တီးရန်၊

အစိုးရ၏ အစီအစဉ်များနှင့် နိုင်ငံခြားအကူအညီများ ထိရောက်မှုနှင့် မြင်သာထင်သာရှိမှုကို မြှင့်တင်ရန်အတွက် ပြည်သူ့အုပ်ချုပ်ရေးစနစ် ခိုင်မာစေရန်

- လွှတ်တော်၏ ဥပဒေပြုခြင်းနှင့် ကြီးကြပ်ခြင်းလုပ်ငန်းများနှင့် မူဝါဒချမှတ်မှုတွင် ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်မည့် ပုံစံအသစ်များကို ပံ့ပိုးကူညီရန်၊
- အာဏာစီးဆင်းပုံ ရှင်းလင်းလွယ်ကူရေး၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အာဏာခွဲဝေကျင့်သုံးရေးနှင့် အစိုးရဌာနများအကြား ချိတ်ဆက်မှုနှင့် စူးစိုက်ဆောင်ရွက်မှု ခိုင်မာစေရန်၊
- အစိုးရအဖွဲ့အစည်းများ၏ အဓိကလုပ်ငန်းများကို ပိုမိုခိုင်မာထိရောက်စွာ လုပ်ဆောင်နိုင်ရန်၊ စွမ်းဆောင်ရည်နှင့် ထိရောက်မှုပိုမိုကောင်းမွန်ရန်အတွက် အစိုးရ၏လုပ်ဆောင်မှုတွင် စံတိုက်ခြင်းနှင့် ပြန်လည်ချိန်ညှိမှုစနစ်များဖြင့် လုပ်ဆောင်ရန်၊
- ဘတ်ဂျက်လုပ်ငန်းများတွင် အချိန်နှင့်တစ်ပြေးညီ ပိုမိုစိတ်ချအားထားရသည့် သတင်းအချက်အလက်များကို အီလက်ထရွန်နစ်နည်းဖြင့်လည်း ပုံနှိပ်ဖြန့်ဝေခြင်းဖြင့် ပို၍မြင်သာထင်သာရှိစေရန်၊
- အလွဲသုံးစားမှု စီမံခန့်ခွဲမှုကို ပိုမိုခိုင်မာစေရန်နှင့် အစိုးရပစ္စည်းဝယ်ယူမှု ပိုမိုကောင်းမွန်စေခြင်းနှင့် အဂတိလိုက်စားမှုကာကွယ်ရေးဥပဒေကို အကောင်အထည်ဖော်ခြင်းတို့ဖြင့် ပြည်တွင်းနှင့် ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု အရင်းအမြစ်များကို အလွဲသုံးစားပြုခြင်းတို့မှ ကာကွယ်ရန်၊
- ပြည်တွင်းအရင်းအမြစ်များကို ပိုမိုရယူအသုံးပြုရန်နှင့် ပိုမိုအားထားရန်၊
- လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အား ကာကွယ်မှုပိုမိုခိုင်မာစေရန်နှင့် အကောင်အထည်ဖော်ရာတွင် ကိုက်ညီမှုရှိစေရန်၊

ဖွံ့ဖြိုးမှုမိတ်ဖက်များမှ အောက်ပါအတိုင်းဆောင်ရွက်ရန် ကတိကဝတ်ပြုပါသည်။

မြန်မာနိုင်ငံ၏တစ်မူထူးခြားသော ပြည်တွင်းအနေအထားမှ စတင်ဆောင်ရွက်ရန်

- ဖွံ့ဖြိုးမှု မိတ်ဖက်အချင်းချင်းနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများသည် သုတေသနဆိုင်ရာ လေ့လာမှုများနှင့် ကဏ္ဍအလိုက် သုံးသပ်မှုများတွင် ပူးပေါင်းဆောင်ရွက်ရန်၊
- ဖွံ့ဖြိုးမှု စာရင်းအချက်အလက်များကို ကျား/မ ခွဲခြား၍ကောက်ယူရန်၊ အဓိပ္ပာယ်ကောက်ရန်နှင့် အသုံးပြုရန်အတွက် အမျိုးသားစွမ်းဆောင်ရည် တည်ဆောက်ရန်၊
- ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံကဲ့သို့ ဒေသတွင်း အောင်မြင်မှုများမှ အပြန်အလှန် လေ့လာသင်ယူမှုကို ကူညီပံ့ပိုးသွားရန်၊

အကူအညီများကို နိုင်ငံ၏ဦးစားပေးလုပ်ငန်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားရန်

- အကူအညီအထောက်အပံ့များကို စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင်၊ အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းနှင့် အခြားသော စီမံကိန်းများတွင် ချမှတ်ထားသည့် မြန်မာနိုင်ငံပိုင်ဖြစ်သည့် နိုင်ငံအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ဒေသအဆင့် ဦးစားပေးလုပ်ငန်းများနှင့် ကိုက်ညီမှုရှိစွာ ဆောင်ရွက်ရန်၊
- အစီအစဉ်များ၊ မဟာဗျူဟာများနှင့် ပတ်သက်၍ သက်ဆိုင်သည့် ပြည်တွင်းအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ထိရောက်စွာ ဆွေးနွေးဆောင်ရွက်သွားရန်၊
- အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ဒေသခံအသိုက်အဝန်းများ၊ ပြည်သူများ၊ အထူးသဖြင့် အမျိုးသမီးများ၊ လူမျိုးစုများ၊ သာမန်ပြည်သူများနှင့် တိုင်ပင်ဆွေးနွေးရန်၊

မြန်မာနိုင်ငံမှဦးဆောင်သော ညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန်နှင့် ယင်းနှင့်အညီဆောင်ရွက်ရန်

- အစိုးရနှင့် ဆွေးနွေးမှုရလဒ်များမှ မဟာဗျူဟာဦးတည်ချက်ကို ရယူရန်၊
- ပုဂ္ဂလိကကဏ္ဍ အပါအဝင် အခြားသူများနှင့်လည်း ဆွေးနွေးရန်၊
- အစိုးရဝန်ကြီးဌာနများက ဦးဆောင်သော ကဏ္ဍအလိုက်နှင့် ဦးတည်ချက်အလိုက် ညှိနှိုင်းဆောင်ရွက်မှုစနစ်များကို တက်ကြွစွာ အထောက်အကူပြုသွားရန်၊ လုပ်ငန်းအဖွဲ့ အမြောက်အမြား ဖွဲ့စည်းခြင်းမပြုရန်၊

ငြိမ်းချမ်းရေးနှင့်နိုင်ငံတည်ဆောက်ရေးကို အထောက်အကူပြုရေးအတွက် ပဋိပက္ခမဖြစ်စေသည့် ဘက်စုံချဉ်းကပ်မှုကို အသုံးပြုရန်

- ပဋိပက္ခဖြစ်ပွားမှုအခြေအနေများကို ကောင်းစွာနားလည်ရန်နှင့် မဟာဗျူဟာနှင့် အစီအစဉ်များကို ကျယ်ပြန့်စွာ တိုင်ပင်ဆွေးနွေးရန်၊
- ပဋိပက္ခဖြစ်ပွားသောဒေသနှင့် ငြိမ်းချမ်းရေးဒေသများတွင် တည်ရှိပြီး ဖွဲ့စည်းမှုပုံစံများမှတစ်ဆင့် မြင်သာထင်သာရှိစွာနှင့် ညီမျှစွာ အကူအညီများပေးရေးအတွက် လျင်မြန်စွာဆောင်ရွက်ရန်၊
- ပဋိပက္ခဖြစ်ပွားသောဒေသများတွင် အစိုးရ၏ အဓိကလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး၊ တာဝန်ခံမှုရှိရေးနှင့် ပြင်ပနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတို့တွင် အစိုးရစွမ်းဆောင်ရည် ပိုမိုခိုင်မာစေရန်၊
- မူဝါဒချမှတ်မှုနှင့် သုံးသပ်မှုတွင် ပြည်သူများ ပါဝင်နိုင်ရန်အတွက် လွှတ်တော်များ၊ ဥပဒေအာဏာပိုင်များနှင့် အများပါဝင်ဆောင်ရွက်နိုင်မှုလုပ်ငန်းစဉ်များ အပါအဝင် ထိန်းညှိကွပ်ကဲရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍပိုမိုခိုင်မာစေရန်၊

မြန်မာပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များ အများဆုံးရရှိအောင် အလေးထားကြိုးပမ်းရန်

- ထောင်စုနှစ်ရည်မှန်းချက်များရရှိရေး မြှင့်တင်ရန်အတွက် ဆင်းရဲသူများကို အကျိုးဖြစ်ထွန်းစေပြီး ပြည်သူအားလုံး ပါဝင်ခံစားနိုင်မည့် မဟာဗျူဟာနှင့် အစီအစဉ်များ ရေးဆွဲချမှတ်ရန်၊
- ပုဂ္ဂလိကကဏ္ဍနှင့် ပိုမိုထိတွေ့၍ နားလည်မှုရှိလာခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှုအတွက် အတားအဆီးများကို ဖြေရှင်းပေးရန်နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၏ ဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှုများကို တိုးတက်ကောင်းမွန်စေရန်၊
- ပူးတွဲစောင့်ကြပ်ကြည့်ရှုမှုနှင့် သုံးသပ်မှုတို့ ပါဝင်ပြီး ကျား/မ မခွဲခြားသည့် နိုင်ငံမှ ဦးဆောင်သော ဖွံ့ဖြိုးမှုရလဒ်များကို အစီရင်ခံရေးစနစ်တစ်ရပ် တည်ဆောက်အကောင်အထည်ဖော်ရေးဆောင်ရွက်ရန်၊
- လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို အကဲဖြတ်မှုစနစ်ဖြင့် လုပ်ဆောင်ရန်နှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းရလဒ်များနှင့် ကိုက်ညီမှုရှိစေရန်၊

အဖွဲ့အစည်းများ ခိုင်မာရေး၊ စွမ်းဆောင်ရည်တည်ဆောက်ရေး၊ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်လျှော့နည်းရေးနှင့် အကူအညီအထောက်အပံ့များ ပိုမိုအကျိုးရှိရေးအတွက် အစိုးရနှင့် လက်တွဲဆောင်ရွက်ရန်

- အကူအညီ အထောက်အပံ့များရရှိစေခြင်း၊ စီစဉ်ခြင်းနှင့် ပေးအပ်ခြင်းတွင် အပြည့်အဝ ထင်သာမြင်သာရှိစေရန်နှင့် တတ်နိုင်သမျှ ချည်နှောင်မှုမပါဘဲ ပေးအပ်ရန်၊
- အစိုးရနှင့်အခြားဖွံ့ဖြိုးမှု မိတ်ဖက်များသို့ အချိန်နှင့်တစ်ပြေးညီ တိကျသော အစီအစဉ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များပေးရန်၊
- မြန်မာနိုင်ငံအတွက် အနာဂတ် အကူအညီ ခွဲဝေမှုနှင့်ပတ်သက်၍ ကြိုတင်ခန့်မှန်းနိုင်မှုကို အမြင့်ဆုံးရရှိစေရန်နှင့် ဖြစ်နိုင်ပါက ၃ နှစ်မှ ၅ နှစ်ထိ ခန့်မှန်းဘတ်ဂျက်ကို ထုတ်ပြန်ပေးရန်၊
- နည်းပညာပူးပေါင်းဆောင်ရွက်ရေးကို စနစ်တကျ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် ဆောင်ရွက်ရန်၊ အမျိုးသားမူဝါဒများ၊ အဖွဲ့အစည်းများနှင့် စနစ်များ ပိုမိုခိုင်မာစေရေးနှင့် ပြည်တွင်းစွမ်းဆောင်ရည် တည်ဆောက်ရေးအတွက် စူးစိုက်ဆောင်ရွက်ရန်နှင့် ပြည်တွင်းစွမ်းဆောင်ရည်ကို အစားထိုးခြင်းမျိုး မဖြစ်စေရန်၊
- မြန်မာနိုင်ငံမှ ဦးဆောင်သည့် အစီအစဉ်များအတွင်းမှ လုပ်ဆောင်ရန်နှင့် တတ်နိုင်သမျှ လုပ်ငန်းတစ်ခုချင်းကို ဆောင်ရွက်သည့် လုပ်ရပ်များ တိုးမြှင့်လုပ်ဆောင်ခြင်း၊ သီးခြားလုပ်ငန်းစီမံကိန်း စီမံခန့်ခွဲမှုအဖွဲ့များ တိုးမြှင့်ဖွဲ့စည်းခြင်းတို့ကို ရှောင်ရှားရန်၊
- ခိုင်မာ၍ ပူးတွဲဆောင်ရွက်သည့် ဆန်းစစ်မှု၊ လုပ်ငန်းစဉ်တစ်လျှောက် ပြဿနာများကို ဖော်ထုတ်သတ်မှတ်မှုနှင့် ဖြေရှင်းမှုတို့ဖြင့် မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်မှုစနစ်များနှင့် ဖွဲ့စည်းမှုပုံစံများအတွင်းမှ အလျင်အမြန် လုပ်ဆောင်သွားရန်၊
- တူညီသည့် အခြေခံကို ရှာဖွေ၍ ဖွံ့ဖြိုးမှုမိတ်ဖက်အားလုံးသည် တတ်နိုင်သမျှ တစ်သံတည်း ပြောဆိုလုပ်ဆောင်ကြရန်နှင့် မြန်မာနိုင်ငံနှင့် ဆွေးနွေးမှုလမ်းကြောင်းများကို ရှင်းလင်းလွယ်ကူစေရန်၊

လုပ်ငန်းဆောင်ရွက်မှု အကဲဖြတ်ခြင်း

ဤသဘောတူညီချက်ကို အကောင်အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်မှု မူဘောင်သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို ရေးဆွဲမည်ဖြစ်သည်။ ဤမူဘောင်တွင် အထက်ဖော်ပြပါ ကတိကဝတ်များအတိုင်း လုပ်ဆောင်မှုအား အကဲဖြတ်မည့် စံချိန် စံညွှန်းများဖြစ်သည့် အဓိကညွှန်ကိန်းများကို ထည့်သွင်းသတ်မှတ်သွားမည်ဖြစ်သည်။ ၎င်းညွှန်ကိန်းများသည် ဆီလျော်မှုရှိ၍ အမှန်တကယ်ရရှိနိုင်ပြီး စောင့်ကြပ်ကြည့်ရှုနိုင်ရမည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဖွံ့ဖြိုးမိတ်ဖက်များသို့ တင်ပြ၍ ၎င်းတို့အားလုံးမှ ထောက်ခံအတည်ပြုသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းများတည်ငြိမ်နေ၊ ပြင်ပဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လာ

ရန်ကုန် ဇန်နဝါရီ ၂၀

နိုင်ငံခြားငွေကြေး လဲလှယ်ရာတွင် ပြင်ပငွေကြေးဈေးကွက်ဈေးနှုန်းများမှာ ပုဂ္ဂလိကဘဏ်များမှ ဖွင့်လှစ်ပေးထားသည့် ငွေကြေးလဲလှယ်သည့်ဈေးနှုန်းထက် ပိုမိုသက်သာခြင်းများကြောင့် ပြင်ပရှိ ငွေကြေးဈေးကွက်အတွင်း အရောင်းအဝယ် ပိုမိုများပြားလာနေကြောင်း သိရှိရသည်။

"နိုင်ငံခြားငွေ ပေါက်ဈေးကတော့ တည်ငြိမ်နေပါတယ်။ ဈေးကတန့်နေတဲ့ သဘောပါ။ ဇန်နဝါရီ ၁၀ ရက်နေ့ နောက်ပိုင်းကနေစပြီး ဒေါ်လာဈေးက ၈၆၂ ကျပ်ဝန်းကျင်မှာပဲ တန့်နေတာပါ။ ဒါပေမယ့် ပြင်ပက ဈေးကွက်အတွင်းမှာ ဆိုတော့ ရောင်းသူ ဝယ်သူ အဆင်ပြေစေဖို့အတွက် ဈေးနှုန်းတွေကို ညှိပေးတာမျိုးရှိတယ်လေ။ ကောင်တာတွေမှာ ဆိုရင်တော့ ဈေးတွေကငြိမ်တယ်လေ။ ဈေးကွက်တွေမှာတော့ အရောင်းအဝယ် အနည်းအများအလိုက် မြန်မာငွေငါးကျပ်ကနေ ရှစ်ကျပ်ကြားကို ညှိပြီး ဈေးပေးတတ်ကြတဲ့အတွက် အပြင်ဘက်မှာပိုပြီး အရောင်းအဝယ်ဖြစ်နေတယ်" ဟု လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြသည်။ ယခုသီတင်းပတ်အတွင်း အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေ ၈၆၂ ကျပ် ဝန်းကျင် ဈေးတန့်လျက်ရှိပြီး ပြင်ပဈေးကွက်အတွင်းတွင်မူ တစ်ဒေါ်လာလျှင် ၈၆၀ မှ ၈၅၈ ကျပ်အထိ ရှိကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရှိရသည်။

"ဘဏ်တွေမှာ ငွေကြေးလဲလှယ်စေနိုင်ဖို့ ကောင်တာတွေဖွင့်လှစ်ထားပေမယ့် အရင်ကတည်းကရှိနေခဲ့တဲ့ ဒေါ်လာအရောင်းအဝယ်လုပ်ကိုင်သူတွေကလည်း ဆက်လက်ရှိနေဆဲပါပဲ။ လက်ရှိမှာ မြန်မာပြည်ကိုလာရောက်တဲ့ ကမ္ဘာလှည့်ခရီးသွားအချို့ကလည်း အခုအချိန်အထိ ပြင်ပဈေးကွက်မှာ အရောင်းအဝယ်လုပ်နေဆဲမြင်တွေ့ရပါတယ်။ အပြင်မှာ ရောင်းရဝယ်ရတဲ့အခါ ဘဏ်တွေက ကောင်တာတွေလောက်တော့ စိတ်ချရမှုအားနည်းတယ်။ ဒါပေမယ့် ဈေးအနေနဲ့ဆိုရင်တော့ အလျှော့အတင်းရှိတဲ့အတွက် လူကြိုက်မှုရှိနေသေးတာဖြစ်ပါတယ်"ဟု မြေနီကုန်းရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက လက်ရှိအခြေအနေကို ပြောပြသည်။ **သွန်းဝသန်**

ပြည်တွင်းသတင်း

လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

မြန်မာ့နိုင်ငံရေး ယဉ်ကျေးမှုသစ်ပင် ဖြစ်ပါကြောင်း၊ ယင်းနိုင်ငံရေး ယဉ်ကျေးမှုသစ်တွင် မိမိတို့လူ့အဖွဲ့အစည်းအတွင်း မတူညီမှုများနှင့် သဘောထားကွဲလွဲမှုများကို ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းထက် ကျော်လွန်သည့် ဆွေးနွေးညှိနှိုင်းရေးနည်းလမ်းဖြင့် အဖြေရှာခြင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

ဤနေရာတွင် နိုင်ငံရေးအင်အားစုများသာမက အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ နိုင်ငံရေးအပေါ် စိတ်ဝင်စားမှု၊ နိုင်ငံရေးအရ စိတ်ရှည်သည်းခံနိုင်မှု၊ ရေချိန်မြင့်တက်လာခြင်းကိုလည်း အသိအမှတ်ပြုရမည်ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် တစ်နှစ်ကျော်ကာလကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးသမိုင်းတွင် မကြုံစဖူး အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယင်းအပြောင်းအလဲများအပေါ်တွင် ပြည်တွင်း ပြည်ပ မြန်မာ့နိုင်ငံရေးအင်အားစုများသာမက နိုင်ငံတကာအသိုင်းအဝိုင်း၏ အသိအမှတ်ပြုမှုနှင့် အားပေးထောက်ခံမှုများ ရရှိနေခြင်းသည်လည်း ငြင်းဆို၍မရနိုင်သည့် နိုင်ငံရေးဂုဏ်သရေပင် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံရေးဖြစ်ထွန်းမှုများ ပေါ်ပေါက်လာရန် မိမိနှင့်အစိုးရအဖွဲ့၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ တပ်မတော်နှင့် အဓိကအားဖြင့် ပြည်သူလူထုတစ်ရပ်လုံးက ကဏ္ဍအသီးသီးကနေ ကြိုးပမ်းဆောင်ရွက်နေသည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ စိန်ခေါ်မှုများစွာရှိနေသော်လည်း ယင်းသို့ ဝိုင်းဝန်းဆောင်ရွက်နေသည့်အတွက် တစ်ဖက်တွင်လည်း အောင်မြင်နိုင်သည့် အခွင့်အလမ်းများစွာ ရှိနေသည်ဆိုခြင်းကို မိမိတို့အနေဖြင့် အခိုင်အမာယုံကြည်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်မြင့်တင်ကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယခုကဲ့သို့ဖိတ်ခေါ်ရခြင်းသည် အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် မိမိနှင့်အလုံးစုံသဘောတူညီရမည်ဟု ဆိုလိုခြင်းမဟုတ်ပါကြောင်း၊ မိမိတို့အားလုံး နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တူညီသည်များကို ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ခြင်းဖြစ်ပါကြောင်း၊ မတူညီမှုများကိုလည်း ထိပ်တိုက်ရင်ဆိုင်ခြင်းနည်းလမ်းများကို ကျော်လွန်သည့် ဆွေးနွေးညှိနှိုင်းရေးနည်းလမ်းဖြင့် အဖြေရှာပြီး လက်တွဲလုပ်ဆောင်သွားကြရန် ဆိုလိုခြင်းပင် ဖြစ်ပါကြောင်း၊ ဤကဲ့သို့ တောင်းဆိုရခြင်းသည် ပြည်တွင်းပြဿနာအမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရသည့် မိမိတို့နိုင်ငံအနေဖြင့် ခေတ်မီသော လူ့အဖွဲ့အစည်းအဖြစ် ထူထောင်ရန်နှင့် ခေတ်မီအမျိုးသားစီးပွားရေးစနစ်တစ်ရပ်ပိုင်ဆိုင်နိုင်ရန် အရေးတကြီးလိုအပ်နေသည့်ကာလဖြစ်သည့်အတွက် တောင်းဆိုတိုက်တွန်းရခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ ပိုင်ဆိုင်နိုင်ရန် မိမိတို့အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ကြိုးပမ်းပြီး လွတ်လပ်ရေးအရယူနိုင်ခဲ့သည့် အမျိုးသားအင်အားစုစည်းမှုနှင့် အလားသဏ္ဌာန်တူသော အင်အားစုစည်းမှုမျိုး ရရှိရန်လိုအပ်သည်ဟု အလေးအနက်ယုံကြည်၍ဖြစ်ပါကြောင်း၊ ဒီနေ့ မိမိတို့ရရှိထားသည့် နိုင်ငံရေးပွင့်လင်းမှုသည် ယင်းကဲ့သို့ အမျိုးသားစုစည်းမှုမျိုးကို ဖော်ဆောင်နိုင်မည်ဟုလည်း အခိုင်အမာယုံကြည်ပါကြောင်း။

ယနေ့မိမိတို့ ကြုံတွေ့နေရသည့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများသည် စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည်ဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေးဝန်းကျင်ကို ကြည့်လျှင်လည်း ကာလရှည်ကြာ တည်ရှိနေခဲ့သည့် အမျိုးသားစီးပွားပုံစံမကျမှုများကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဤကဲ့သို့ ပုံစံမကျမှုများကို ဖြေရှင်းနိုင်ရန် "စီးပွားရေးနှင့်လူမှုရေးပြောင်းလဲရေးမူဘောင်"နှင့် "ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မူဘောင်" ဆိုသည့် မူဘောင်နှစ်ရပ် ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ယင်းသို့ ချမှတ်ထားသည့်အပြင် မနေ့က စတင်ကျင်းပနေသည့် "မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်" ကဲ့သို့ ဖိုရမ်များကျင်းပပြီး ပြည်တွင်းပြည်ပ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အေဂျင်စီများနှင့် စနစ်တကျပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလရှည်ကြာ အဟန့်အတားဖြစ်ခဲ့သည့် နိုင်ငံတကာ ပိတ်ဆို့မှုများ ဖြေလျှော့ရုပ်သိမ်းနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲရေးများ စတင်လုပ်ဆောင်နေပြီဖြစ်ပါကြောင်း။

လက်ရှိအစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားပဋိပက္ခကို အပစ်အခတ်ရပ်စဲထားသည့် အဆင့်ထက်ကျော်လွန်ပြီး နိုင်ငံရေးအရဆွေးနွေးအဖြေရှာနိုင်ရန် ကြိုးစားအားထုတ်နေပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဆေးမြီးတိုနှင့်ကုသသည့် ချဉ်းကပ်မှုမျိုးမဟုတ်ဘဲ ရေရှည်တည်တံ့နိုင်သော ငြိမ်းချမ်းရေးမျိုးဖြစ်ရန်အတွက် ရည်မှန်းချက်ထားပါကြောင်း၊ ရေရှည်တည်တံ့သောငြိမ်းချမ်းရေးကို တည်ဆောက်သည့်အခါတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အာမခံနိုင်သော ပြည်ထောင်စုမပြိုကွဲရေးဆိုသည့် အခြေခံမူအောက်တွင်တိုင်းရင်းသားများ၏အခွင့်အရေးနှင့် တန်းတူရေးများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတကာ အတွေ့အကြုံများကို ပြန်ကြည့်မည်ဆိုလျှင် ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုသည်မှာ ဆယ်စုနှစ်များစွာချီပြီး အချိန်ယူတည်ဆောက်ရပါကြောင်း၊ ဤကဲ့သို့ တည်ဆောက်နေသည့်အချိန်အတွင်းတွင်လည်း ပဋိပက္ခအရှိန်အဟုန်အတက်အကျဖြစ်လေ့ ရှိပါကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးတည်ဆောက်မှုလမ်းကြောင်းက သွေဖည်မသွားဘဲ စားပွဲပေါ်တွင်ဆွေးနွေးသည့် နည်းလမ်းကို အခြေခံပြီးဖြေရှင်းမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးဖြစ်စဉ် ဆိုသည်မှာ ခေါင်းဆောင်ပိုင်းသက်သက်က လက်မှတ်ထိုးရုံ၊ လက်ဆွဲနှုတ်ဆက် လိုက်ရုံနှင့် မလုံလောက်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်အောင်မြင်ရန် လူထုကလည်း ပါဝင်လာနိုင်ရန် လိုပါကြောင်း၊ ခေါင်းဆောင်များ၏ သဘောတူညီမှု နားလည်မှုများကို လူထုဆီရောက်အောင် ပို့ပေးနိုင်ရန်အတွက် Civil Society ဟု ဆိုသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏အခန်းကဏ္ဍက အင်မတန်အရေးကြီးပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လာနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ရန် Myanmar Peace Centre အနေဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် လက်တွဲပြီးဆောင်ရွက်နိုင်ရန် မိမိတို့ပြင်ဆင်ထားပါကြောင်း၊ ထို့အပြင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏သုံးသပ်ချက်များ ၎င်းတို့၏အသံများကိုနားထောင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုဖြစ်နေသည့် ကချင်ပြည်နယ်က ပဋိပက္ခအပေါ်တွင် မိမိတို့အစိုးရအနေဖြင့် KIO/KIA နှင့် ပဋိပက္ခများ ပြန်ဖြစ်ခဲ့သည့်အချိန်ကစပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်ကို ပြန်ရောက်နိုင်ရန်အတွက် စဉ်ဆက်မပြတ်ကြိုးစားခဲ့ပါကြောင်း။

လွန်ခဲ့သည့် တစ်နှစ်ကျော်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် နှစ်ဖက်စလုံးက ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် အသက်အိုးအိမ်စည်းစိမ်များသည် အရင်းခံအားဖြင့် မိမိတို့နိုင်ငံတော်၏ဆုံးရှုံးမှုများလိုပင် မိမိရှုမြင်ပါကြောင်း၊ ဤသို့ဆုံးရှုံးမှုများ အမြန်ဆုံးရပ်တန့်နိုင်ရန် စားပွဲဝိုင်းမှာဆွေးနွေးသည့်နည်းလမ်းမှလွဲပြီး အခြားနည်းလမ်းမရှိသဖြင့် မိမိအနေနှင့် ငြိမ်းချမ်းရေးစကားဝိုင်းကို လာရောက်ဖို့ အစဉ်တစိုက် တိုက်တွန်းရခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့် KIO/KIA ကိုအပစ်အခတ်ရပ်စဲရေးအတွက် ဖိတ်ခေါ်ထားခြင်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးကို ပြည့်ပြည့်စုံစုံ အကောင်အထည်ဖော်နိုင်ရန် ထပ်မံဖိတ်ခေါ်ရခြင်းပင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများ တောင်းဆိုထားသော တစ်ပြည်လုံးအတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲရေးဆိုသည့်ကိစ္စရပ်မှာ မိမိတို့အစိုးရ တာဝန်ယူသည့်နေ့ကစပြီး ကမ်းလှမ်းထားတာဖြစ်သည်ဆိုခြင်းကိုလည်း ထပ်လောင်းအတည်ပြု ပြောကြားလိုပါကြောင်း။

တစ်ဆက်တည်းမှာပင် တပ်မတော်က KIA/KIO ၏လိုင်ဇာဌာနချုပ်ကို အပြီးတိုင် ချေမှုန်းသိမ်းယူခြင်းမလုပ်ဖို့ကို အမိန့်ပေးထားပြီးဖြစ်ပါကြောင်း၊ ဤသည်မှာ မိမိနှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလိုလားသည် ဆိုသည့် အချက်ကို အမှန်တကယ်ဖြစ်ကြောင်း သက်သေထူခြင်းပင်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် စစ်မှန်သည့်ငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး လက်ရှိအချိန်မှာ KIO/KIA ကလွဲလို့ ကျန်အဖွဲ့ ၁၀ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ် ရေးထိုးပြီးဖြစ်ပါကြောင်း၊ ယခု ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းက စပြီး Political Dialogue ကိစ္စရပ်များကို ဆောင်ရွက်ဖို့ ပြင်ဆင်ထားပြီးလည်း ဖြစ်ပါကြောင်း။

ဤနေရာမှာ အထူးပြောကြားလိုသည်မှာ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအား အခြားနိုင်ငံများကို အမီလိုက်နိုင်အောင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတည်ဆောက်မှုလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းများမှာ တစ်ခုပြီးမှတစ်ခု လုပ်ဆောင်ဖို့ အခြေအနေမပေးသည့်အတွက် တစ်ပြိုင်နက် ကြိုးပမ်းအကောင်အထည်ဖော်သွားရမည်ဆိုသည့် စိန်ခေါ်မှုကြီးရှိနေတယ်ဆိုသည့် အချက်ပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းအနေနှင့် ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ခုဖြစ်ဖို့ ယခုရရှိထားသည့် နိုင်ငံရေးပွင့်လင်းမှု၊ လွတ်လပ်မှုတို့ကို ကျင့်သုံးတဲ့အခါမှာ မိမိတို့တစ်ဦးချင်းအနေနှင့်သော်လည်းကောင်း၊ အဖွဲ့အစည်းအနေနှင့်သော်လည်းကောင်း အထက်ပါစိန်ခေါ်မှုများကို အစဉ်ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဤအချက်များကို ထည့်သွင်းစဉ်းစားမှုအားနည်းခဲ့လျှင် ပွင့်လင်းလွတ်လပ်သည့်လူ့အဖွဲ့အစည်း တည်ဆောက်ဖို့ ကြိုးပမ်းနေသည့် မိမိတို့၏ကြိုးပမ်းမှုများမှာ ဟန်ချက်မညီဘဲ မလိုလားအပ်သော ဆိုးကျိုးများကြုံတွေ့နိုင်သည့် အနေအထားရှိနေခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လွတ်လပ်မှုကို အစဉ်အလေးထားသွားမှာဖြစ်ပြီး အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ဉာဏ်အမြော်အမြင်ရှိသည့် လုပ်ဆောင်မှုများကိုလည်း နိုင်ငံရေးတည်ငြိမ်မှုအတွက် အစဉ်မျှော်လင့်လျက်ရှိသည်ဆိုခြင်းကိုလည်း အလေးအနက်ပြောကြားလိုပါကြောင်း။

ထို့ကြောင့် မိမိအနေနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ နိုင်ငံရေး၊ လူမှုရေးလှုပ်ရှားမှုများကို နိုင်ငံတည်ဆောက်ရေး အင်အားများအဖြစ် အစဉ်ကြိုဆိုနေမှာ ဖြစ်ပါကြောင်း၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လက်တွေ့လူမှုဘဝကို ထင်ဟပ်သည့် တည်ဆောက်ရေးကို ရှေးရှုသော လှုပ်ရှားမှုများကို မြင်တွေ့အားပေးလိုပါကြောင်း ပြောကြားလိုပါကြောင်း၊ လက်ရှိအခြေအနေမှာလည်း မိမိတို့အစိုးရအနေနှင့် နိုင်ငံရေးပါတီများ နိုင်ငံရေးအစုအဖွဲ့များ အရပ်ဘက်လူ့အဖွဲ့အစည်းများ အပါအဝင် အဖွဲ့အစည်းပေါင်းစုံ၏ လွတ်လပ်ခွင့်အတွက် တရားဝင်မှတ်ပုံတင်ခြင်းကအစ လှုပ်ရှားမှုလုပ်ငန်းစဉ်အမျိုးမျိုးအတွက် လိုအပ်သော ဖြေလျှော့မှုများကို အဆင့်အလိုက် လုပ်ဆောင်ပေးလျက် ရှိပါကြောင်း၊ ဤသို့ ဒီမိုကရေစီစနစ်နှင့် လျော်ညီသည့် မီဒီယာလွတ်လပ်ခွင့်ကိုလည်း ဖန်တီးခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ဤလွတ်လပ်မှုကို တာဝန်သိသိ၊ တာဝန်ရှိရှိကျင့်သုံးပြီး မိမိတို့မြင်တွေ့လိုသည့် ဒီမိုကရေစီတည်ဆောက်ရေးဖြစ်စဉ်ကို အားဖြည့်လုပ်ဆောင်သွားကြဖို့လည်း တိုက်တွန်းလိုပါကြောင်း။

နိဂုံးချုပ်အနေနှင့်အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်မှုလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ အရပ်ဘက် လူ့အဖွဲ့အစည်းများအနေနှင့် National Identity ကို ခေတ်နှင့်အညီ တည်ဆောက်ခြင်းအားဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူ့အဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုကို အခြေခံသော နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုသဟဇာတဖြစ်မှုတို့ကို အတူလက်တွဲ တည်ဆောက်သွားကြပါစို့လို့ တိုက်တွန်းပြောကြားသည်။

မိမိအနေနှင့် ယနေ့တက်ရောက်လာကြသည့် အရပ်ဘက်လူ့အဖွဲ့အစည်းအသီးသီးက ဆွေးနွေးလိုသော အချက်များကို အချိန်ခွင့်ပြုချက်အတွင်းကနေ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ဖို့လည်း ဖိတ်ကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လူထုအခြေပြု လူမှုအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်

တပ်မတော်ကာကွယ်
တရုတ်ပြည်သူ့လွတ်မြော

နေပြည်တော် ဇန်နဝါရီ ၂၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lieutenant General Qi Jianguo အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဆွေတော်၏ ခရီးသည် မြန်မာ-တရုတ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေသော ခရီးစဉ်ဖြစ်ပါကြောင်း ရှေ့ဆက်၍လည်း တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်မျှော်လင့်ပါကြောင်းဖြင့် ပဏာမ ဆွေးနွေးပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ်က မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်သည် တိုင်းရင်းသားများအားလုံး တစ်ပေါင်းတစ်စည်းတည်းဖြစ်ရေးကြိုးပမ်းဆောင်ရွက်မှုကို တရုတ်နိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်မှုကို အားပေးထောက်ခံ

မျှားနှင့် တာဝန်ခံများက အဖွဲ့အစည်းအလိုက် လိုအပ်ချက်များ၊ အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် လူမှုအဖွဲ့အစည်းများအတွက် နိုင်ငံတော်ပိုင်းက ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ မိမိတို့အစိုးရအဖွဲ့ကိုလည်း လူမှုအဖွဲ့အစည်းများက ကူညီဝန်းရံပေးကြစေလိုပါကြောင်း၊ ပြည်သူတို့၏ ဆန္ဒဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့နှင့်အတူ လူမှုအဖွဲ့အစည်းအားလုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ မြန်မြန်ဆန်ဆန်အောင်မြင်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

နွေရာသီလျှပ်စစ်ဓာတ်အားလိုအပ်ချက်အား အချိန်မီဖြည့်ဆည်းပေးနိုင်ရေးအတွက် ရန်ကုန်မြို့သို့ရောက်ရှိလာသော ဓာတ်အားပေးစက်များ တပ်ဆင်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၁၃ ခုနှစ် နွေရာသီလျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်ရေးအတွက် လှော်ကား၊ ရွာမ၊ အလုံ၊ သာကေတဓာတ်အားပေးစက်ရုံများတွင် ဓာတ်အားပေးစက်အသစ်များကို တိုးချဲ့တည်ဆောက်လျက်ရှိရာ ပြည်ပမှရောက်ရှိလာသော ဓာတ်အားပေးစက်များကို အမြန်တပ်ဆင်ဖြန့်ဖြူးပေးနိုင်ရေး နေရာချထားတည်ဆောက်လျက်ရှိသည်။ **(အောက်ပုံ)**

လှော်ကားစက်ရုံ၌ အသစ်တည်ဆောက်မည့်တာဘိုင်စက် ၂၆ လုံးအနက် (1 MW) Gas Engine ရှစ်လုံးသည် ဇန်နဝါရီ ၁၇ ရက်တွင် စက်ရုံသို့ရောက်ရှိပြီး Foundation ပေါ်သို့ တပ်ဆင်လျက်ရှိသည်။ အလုံစက်ရုံ၌ တပ်ဆင်မည့် Gas Turbine တစ်လုံး၊ Generator နှင့်Accessories များသည် ဇန်နဝါရီ ၁၈ ရက်တွင် စက်ရုံသို့ ရောက်ရှိပြီး Foundation ပေါ်သို့ တင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ သာကေတစက်ရုံအတွက်ရောက်ရှိနေသော (3.3 MW) Gas Engine လေးလုံးကို ဇန်နဝါရီ ၁၉ ရက်တွင် Foundation ပေါ်သို့ တင်ပြီးဖြစ်သည်။

ထပ်မံရောက်ရှိလာမည့် ဓာတ်အားပေးစက်များ အမြန်တပ်ဆင်တည်ဆောက်နိုင်ရေးအတွက် Foundation Concrete လောင်းခြင်း၊ Control Room Foundation မြေတူးခြင်း၊ Machine Footing အတွက် သံချည်သံကွေးတပ်ဆင်ခြင်း၊ Piling Machine စက်များဖြင့် Conseal Pipe အထိုင်ချခြင်းလုပ်ငန်းများနှင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး Switch yard တည်ဆောက်ခြင်းလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

...တော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ...ည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

...နဝါရီ ၂၀
...ွယ်ရေးဦးစီးချုပ် ...မင်းအောင်လှိုင် ...လွတ်မြောက်ရေး ...ယစစ်ဦးစီးချုပ် ...al Qi Jianguo ...၁၂ နာရီခွဲတွင် ...ယျာသီရိဗိမာန်၌

...မတော်ကာကွယ် ...အဆွေတော်၏ ...ရုတ် နှစ်နိုင်ငံ ...ကြား ချစ်ကြည် ...စေသော ခရီးစဉ် ...ရှ့ဆက်၍လည်း ...ပါင်းဆောင်ရွက် ...င်းဖြင့် ပဏာမ ...ည်။

...တရုတ်ပြည်သူ့ ...မတော် ဒုတိယ ...နိုင်ငံအစိုးရနှင့် ...ိုင်းရင်းသားများ ...စ်စည်းတည်းဖြစ် ...က်မှုကို တရုတ် ...အဝထောက်ခံပါ ...နိုင်ငံအတွင်းရှိ ...က်ကိုင် အဖွဲ့ ...ဖက်တိုက်ခိုက်မှု ...ားပေးထောက်ခံ

မည်မဟုတ်ပါကြောင်း၊ ကချင်ပြည်နယ်အတွင်း နယ်စပ်တည်ငြိမ်မှုရှိရေး အနှောင့်အယှက်ပေးသည့်အကြောင်း အရင်းကို ကောင်းစွာသိရှိပါကြောင်း၊ အနာဂတ်တွင်လည်း နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုသည် ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တရုတ်နိုင်ငံအစိုးရနှင့် တပ်မတော်တို့၏ ကူညီဆောင်ရွက်ပေးမှုများကြောင့် မြန်မာ့တပ်မတော်အနေဖြင့် ဒေသတွင်း ခေတ်မီတပ်မတော်ဖြစ်လာရသကဲ့သို့ ဒေသဆိုင်ရာဆက်ဆံရေးများတွင်လည်း အခြေအနေကောင်းများရရှိခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားများအား တိုက်ခိုက်ခြင်းမဟုတ်ဘဲ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အား နှောင့်ယှက်ဖျက်ဆီးလျက်ရှိသော မည်သည့်လက်နက်ကိုင် အကြမ်းဖက် အဖွဲ့အစည်းကိုမဆို တပ်မတော်၏တာဝန်အရ ကာကွယ်တိုက်ခိုက်ရခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဇန်နဝါရီ ၁၉ ရက်မှစတင်၍ ကချင်ပြည်နယ်အတွင်း ထိုးစစ်များအား ရပ်တန့်ထားရှိပါကြောင်း၊ တစ်နိုင်ငံလုံးရှိ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိပြီး ဖြစ်သော်လည်း ကေအိုင်အေတစ်ခုတည်းနှင့်သာ ငြိမ်းချမ်းရေးရယူရန် ကျန်ရှိတော့ပါကြောင်း၊ ကချင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရအပေါ် လက်နက်ကိုင်ဆန့်ကျင်သည့် အခွင့်အရေးရနေသည့် အကြောင်းအရင်းကိုရှာ၍ နှစ်ဖက်မှ စနစ်တကျပူးပေါင်းတားဆီးရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း အခြေခံအားဖြင့် တည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ တပ်မတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lieutenant General Qi Jianguo တို့သည် အပြန်အလှန် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lieutenant General Qi Jianguo အား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

...ာ အဖွဲ့အစည်း ...ား၊ အကြံပြုချက် ...ကြသည်။ ...တော်သမ္မတက ...ပြောကြားရာတွင် ...အဖွဲ့အစည်းများ ...ကဆောင်ရွက် ...ဆောင်ရွက်ပေး ...ထို့အတူ မိမိတို့ ...ပူမှုအဖွဲ့အစည်း ...ပေးကြစေလိုပါ ...ဆန္ဒဖြစ်သည့် ...အေးချမ်းရေးနှင့် ...တက်ရေးအတွက် ...ပူမှုအဖွဲ့အစည်း ...ိုင်းဝန်းပူးပေါင်း ...မြန်မြန်ဆန်ဆန် ...ကြောင်းဖြင့် ပြော

...တော်သမ္မတသည် ...ူများအား ရင်း ...ဆက်သည်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lieutenant General Qi Jianguo တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇန်နဝါရီ ၂၀

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lieutenant General Qi Jianguo အား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတက်ရောက်ရန် မော်တော်ယာဉ်များဖြင့် ရောက်ရှိလာရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုတိယစစ်ဦးစီးချုပ် Lieutenant General Qi Jianguo တို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် အရာရှိကြီးများအား အပြန်အလှန် မိတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lieutenant General Qi Jianguo တို့သည် ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပထမအကြိမ် မဟာဗျူဟာဆွေးနွေးပွဲ ကျင်းပခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ ပဋိပက္ခများအပေါ် အမြင်ချင်းဖလှယ်ခြင်း၊ တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးနှင့် အပြန်အလှန်ဆက်ဆံရေးများအား တိုးမြှင့်ဆောင်ရွက်ရေး စသည့်ကိစ္စရပ်များအပေါ် အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းက တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lieutenant General Qi Jianguo ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သနပ်ပင်မြို့နယ်၌ နှမ်းစပါးများစိုက်ပျိုးအောင်မြင်

သနပ်ပင် ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း သနပ်ပင်မြို့နယ်အတွင်း နွေစပါးများ စိုက်ပျိုးနေသည်ကို တွေ့မြင်ရသည်။ သနပ်ပင်မြို့နယ်တွင် နွေစပါးစိုက်ပျိုးနိုင်သည့် လယ်မြေဧက ၂၈၇၉၀ ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ သနပ်ပင်မြို့နယ်သည် မိုးစပါးသာမက နွေစပါး စိုက်ပျိုးမှု အကောင်းဆုံးနှင့် အအောင်မြင်ဆုံးမြို့နယ်တစ်ခုလည်း ဖြစ်သည်။ ရေရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့အပြင် မြို့နယ်အာဏာပိုင်အဖွဲ့အစည်းအသီးသီးကလည်း စစ်တောင်းမြစ်တူးမြောင်းမှတစ်ဆင့် ရေစုပ်စက်များဖြင့် ပံ့ပိုးကူညီပေးလျက်ရှိကြရာ နွေစပါးများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရှိရသည်။ (၁၁၀)

ကိုရီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Kang Chang-hee နှင့်ဇနီးတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။ **(ယာပုံ)**

အဆိုပါ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Kang Chang-hee နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးကိုကိုထွန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလှထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Kim Hae-Yong နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

...ရေးအတွက် ...ချက်ရှိ

...စက်ရုံသို့ ရောက် ...ိသို့ တင်နိုင်ရေး ...ည်။ သာကေတ ...ရှိနေသော (3.3 ...e လေးလုံးကို ...င် Foundation ...ည်။

...မည့် ဓာတ်အား ...န်တပ်ဆင်တည် ...ာ် Foundation ...ခြင်း၊ Control ...၊ မြေတူးခြင်း၊ ...တွက် သံချည် ...iling Machine ... Pipe အထိုင်ချ ...ာတ်အားဖြန့်ဖြူး ...rd တည်ဆောက် ...လျှပ်စစ်စွမ်းအား ...များက ကြိုးပမ်း ...ကြောင်း သတင်းရရှိ

(သတင်းစဉ်)

❊ *ကျောဖုံးမှ*

စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

မေး။ ။ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းမှာ အခုကတ္တရာခင်းတာ လမ်းအရေအတွက် ဘယ်လောက်ရှိလဲဆိုတာ သိပါရစေ။

ဦးဥက္ကာ။ ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကတ္တရာထပ်ပိုးလွှာခင်းတဲ့လုပ်ငန်းဆောင်ရွက်တာ ၁၁ လမ်းကျော်ရှိပါတယ်။ အဲဒီလမ်းတွေကတော့ (၁)လမ်း၊ (၂)လမ်း၊ (၄)လမ်း၊ တပေါင်းဘုရားလမ်း၊ မြို့ပတ်လမ်း၊ ဦးဘွားလမ်း၊ ရုံးကြီးလမ်း၊ (၁)လမ်းမှ အဟာရသုခဈေးအထိ ဆက်သွယ်တဲ့လမ်း၊ သကြားစက်သွားလမ်း၊ ဗိုလ်ချုပ်လမ်း(အဟာရသုခဈေးမှ (၁)လမ်းအထိ) နဲ့ ပေါင်းလောင်း(၂)ဘောဂဝတီရပ်ကွက်အတွင်းလမ်းတွေဖြစ်ပါတယ်။

မေး။ ။ နောက်ထပ်လမ်းနဲ့တံတား ပြုလုပ်တာတွေကိုလည်း ပြောပြပေးပါဦး။

ဦးဥက္ကာ။ ။ အမက(၁၂၇)အနီးမှာရှိတဲ့ ဂန္ဓမာလမ်းနဲ့ စပယ်လမ်းရိစာခင်းတဲ့လုပ်ငန်း၊ မြို့ဦးရပ်ကွက်၊ ဗိုလ်တောက်ထိန်လမ်းပေါ်မှာ ကွန်ကရစ်တံတားတစ်စင်းပြုလုပ်တဲ့လုပ်ငန်း၊ ပေါင်းလောင်း(၂)ရာဇဌာနီလမ်းဘေး ကွန်ကရစ်တံတားတစ်စင်းပြုလုပ်ခြင်းလုပ်ငန်း၊ ပျဉ်းမနားမြို့အတွင်း ရန်ကုန်-မန္တလေးကားလမ်းဘေး လူသွားစင်္ကြံပြုလုပ်ခြင်းလုပ်ငန်းနဲ့ မြို့တွင်းလမ်းနှစ်လမ်းကို လမ်းမီးတိုင် သီးခြားသွယ်တန်းခြင်းလုပ်ငန်းတွေ ပြုလုပ်ခြင်းဖြစ်ပါတယ်။ လမ်းတွေကတ္တရာ ထပ်ပိုးလွှာခင်းတဲ့လုပ်ငန်းရော၊ အခုလုပ်ငန်းတွေပါ သတ်မှတ်ထားတဲ့အချိန်အတွင်း ရာနှုန်းပြည့်ပြီးစီးမှာဖြစ်တာမို့ ပြည်သူတွေ အဆင်ပြေစွာ အသုံးပြုလို့ရရှိမှာ ဖြစ်ပါတယ်။

မေး။ ။ အရင်က ဒီလမ်းတွေရဲ့ အခြေအနေက ဘယ်လောက်ထိ ဆိုးရွားနေတယ်ဆိုတာနဲ့ အဆင့်မြှင့်တင်မှု ပြုလုပ်ခဲ့ရတာတွေကိုလည်း သိရှိလိုပါတယ်။

ဦးနေဇင်ဦး။ ။ အခု အဆင့်မြှင့်တဲ့ လမ်းတွေထဲမှာ တချို့လမ်းတွေက အရင်က ကတ္တရာလမ်းတွေဖြစ်ပေမယ့် အခုအချိန်မှာ ကတ္တရာသားမရှိတော့တဲ့ အခြေအနေဖြစ်ပါတယ်။ တချို့လမ်းတွေကတော့ ကျောက်ကြမ်းလမ်းတွေဖြစ်ပြီး အခုကတ္တရာထပ်ပိုးလွှာခင်းပေးတာဖြစ်တယ်။ နောက်ပြီး အရင်က မြေသားလမ်းတွေကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးတာ ဖြစ်ပါတယ်။ ဒီလိုကတ္တရာလမ်းအဖြစ်ဆောင်ရွက်တာဟာ ပြည်သူတွေနေ့စဉ်ခရီးသွားလာရာမှာအခက်အခဲမရှိ အဆင်ပြေစွာသွားလာနိုင်ရေးအတွက်ဖြစ်ပါတယ်။ဗိုလ်ချုပ်လမ်းဆိုရင် ပျဉ်းမနားမြို့ရဲ့ အဓိကလမ်းမကြီးဖြစ်ပြီး ခရီးသည်တင်လိုင်းကားတွေ၊ ပြည်သူတွေရဲ့ ယာဉ်အမျိုးမျိုး ဖြတ်သန်းမောင်းနှင်သွားလာနေတဲ့ လမ်းဖြစ်ပါတယ်။

မေး။ ။ အခုကတ္တရာခင်းပြီးတဲ့ လမ်းတွေကိုလည်း ပြောပြပေးပါဦး။

ဦးနေဇင်ဦး ။ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်မှာရှိတဲ့ အရှည်ပေ ၂၆၀၀၊ အကျယ် ၁၂ပေရှိတဲ့ (၁)လမ်း၊ အရှည်ပေ ၃၅၀၀၊ အကျယ် ၁၈ပေရှိတဲ့ (၂)လမ်း၊ အရှည်ပေ ၃၆၅၀၊ အကျယ် ၁၈ပေရှိတဲ့ (၄)လမ်းတွေအပြင် ရန်အောင်(၂)ရပ်ကွက်မှာရှိတဲ့ အရှည်ပေ ၁၉၀၀၊ အကျယ် ၁၈ပေရှိတဲ့ တပေါင်းဘုရားလမ်းနဲ့ အရှည်ပေ ၄၂၀၀၊ အကျယ် ၁၈ပေရှိတဲ့ မြို့ပတ်လမ်းတွေ ဖြစ်ပါတယ်။ အဲဒီလမ်းတွေက ရာနှုန်းပြည့်ကတ္တရာခင်းပြီးဖြစ်ပါတယ်။

မေး။ ။ လက်ရှိ ပြုလုပ်နေဆဲ ကတ္တရာလမ်းခင်းနေတဲ့ လမ်းတွေကိုလည်း သိလိုပါတယ်။

ဦးနေဇင်ဦး ။ ရွှေချီရပ်ကွက်မှာရှိတဲ့ (၁)လမ်းမှ အဟာရသုခဈေးအထိ ဆက်သွယ်တဲ့လမ်းက ပေ ၅၂၈၀ ရှိတာ အခု ပေ ၈၀၀ကျော် ကတ္တရာခင်းပြီးနေပြီ၊ အဟာရသုခဈေးအနီး သကြားစက်သွားလမ်းက ပေ ၂၅၀၀ ရှိတဲ့အနက် အခု ပေ ၄၀၀ကျော် ကတ္တရာခင်းပြီးပါပြီ၊ ဗိုလ်ချုပ်လမ်း(အဟာရသုခဈေးကွေ့မှ (၁)လမ်းအထိ အရှည်ပေ ၄၀၀၀၊ အကျယ် ၂၂ ပေအနက် အခု ပေ ၄၀၀ ကျော် ကတ္တရာခင်းပြီးနေပြီ။ နောက်ပြီး ပေါင်းလောင်း (၂)ဘောဂဝတီရပ်ကွက်အတွင်း လမ်းတွေရဲ့ အရှည်ပေ ၁၀၂၁၀၊ အကျယ် ၁၂ ပေအနက် အခု ပေ ၂၀၀၀ကျော် ကတ္တရာခင်းပြီးနေပါပြီ။ အဲဒီလမ်းတွေရဲ့ ကတ္တရာခင်းခြင်းလုပ်ငန်းတွေကို လာမယ့် မတ်လကုန်မှာ ပြီးစီးအောင် ဆောင်ရွက်သွားမှာပါ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ပြီးရင် ပြည်သူတွေအနေနဲ့ ဒီလမ်းတွေကို ရာနှုန်းပြည့် ကတ္တရာလမ်းတွေအဖြစ် အဆင့်မြင့်စွာ အသုံးပြုလို့ရပြီဖြစ်ပါတယ်ဟု ၎င်းတို့က ပြောကြားခဲ့သည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၁-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၈း၂၅ ပြည်တွင်းထုတ်ကုန်မုံရွာချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံ
၈း၄၀ International News

ညပိုင်း

၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
၄း၃၀ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
၅း၁၅ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
၆း၀၀ ညနေခင်းသတင်း
၆း၂၀ ဆိုကြမယ်၊ ပျော်ကြမယ်
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- **မျက်ရည်စက်များကင်းစေချင်**
နေအောင်၊ ချိုပြုံး၊ မိုးအောင်ရင်၊ ခိုင်ငြိမ်းငြိမ်းစံ၊ ခင်မောင်ချင်း၊ ဦးစောနိုင်(ရှမ်းပြည်)၊ ခင်မို့မို့အေး ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)
ဆက်သွယ်၊ ဆက်ဆံလုပ်အားပေး လူငယ်အရာရှိ (Liaison Officer) များရဲ့ တစ်နေ့တာ
၁၀း၀၀ ပြည်တွင်းသတင်း
အိန္ဒိယရုပ်ရှင် **အချစ်ကိုဦးညွှတ်ကြသူများ** (အပိုင်း-၄) (ဇာတ်သိမ်းပိုင်း)

ပြည်တွင်းသတင်း

ပြည်ပပို့ကုန်အမယ်သစ်တစ်မျိုးဖြစ်လာနိုင်သည့် တစ်ပိုင်တစ်နိုင် မက်မန်းသီးလုပ်ငန်း

သတင်းနှင့်ဓာတ်ပုံ-မမ(လားရှိုး)

ပြင်ဦးလွင်မြို့၏ အဓိကစီးပွားရေးလုပ်ငန်းများထဲတွင် မက်မန်းသီးလုပ်ငန်းများသည် တွင်ကျယ်သလောက် ပြင်ဦးလွင်မြို့၏ နာမည်ကျော်ကြား လူကြိုက်များသောယိုစုံများ၊ အချဉ်ပေါင်းများအပြင် မက်မန်းဝိုင်ကိုလည်း လူတိုင်းကြိုက်နှစ်သက်ကြသည်။

မက်မန်းပင်သည် အပင်ပုမျိုးဖြစ်ပြီး အပွင့်များသည်ချယ်ရီပန်းကဲ့သို့ အဖြူအရောင်အပွင့်ဖြစ်သည်။ ပြင်ဦးလွင်၊ နောင်ချိုမြို့များ၊ ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်ဒေသ တာမိုးညဲ၊ နမ့်ဖတ်ကာအပြင် ရှမ်းပြည်နယ်တောင်ပိုင်း ကလော၊ အောင်ပန်း၊ ပင်းတယ စသည့်ဒေသများတွင်လည်း မက်မန်းပင်စိုက်ပျိုးကြသည်ကို တွေ့ရသည်။ ပြင်ဦးလွင်မြို့၏ ပတ်ဝန်းကျင်ကျေးရွာများတွင် မက်မန်းကို ရွှေ့ပြောင်းတောင်ယာများလုပ်ရင်းဖြင့် စိုက်ပျိုးသည်ဟု သိရသည်။ တောင်သူများသည် ရွှေ့ပြောင်းတောင်ယာများတွင် နှစ်စဉ်ချင်းစိမ်းကို စိုက်ကြသည်။ ချင်းစိမ်းပင်များနှင့်အတူ မက်မန်းပင်များကို စိုက်ကြခြင်းဖြစ်သည်။ နောက်နှစ် ချင်းစိမ်းစိုက်မည့်ရာသီ ရောက်သည့်အခါ နောက်ထပ် တောင်ယာအသစ်ခုတ်ပြီး ချင်းစိမ်းစိုက်မည့်ကြားထဲရှိ မြေတွင် မက်မန်းပင်ထပ်စိုက်ပြီး ယခင်မက်မန်းပင်များ စိုက်ထားသည့်နေရာအဟောင်းတွင် တောင်ယာစပါးစိုက်ပြန်သည်။ ဤသို့ဖြင့် ပြင်ဦးလွင်အနီးဝန်းကျင်ရွာများတွင် မက်မန်းစိုက်ပျိုးမှုများလာခြင်းဖြစ်သည်။ ချင်းစိမ်းအပြင် နောက်သုံးနှစ်တွင် မက်မန်းပင် စပွင့်ပြီး အသီးနည်းနည်းသီးသည်။ သို့သော်လည်း ရောင်းနိုင်အောင် အလုံးမလှသေးပေ။ လေးနှစ်တွင် မက်မန်းပင်များ အသီးခူးရောင်းနိုင်သည်ဟု စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ နောင်ခန်းကြီးရွာမှ ကိုရဲကိုက ပြောပြသည်။

မက်မန်းသီးတွင် နီညိုရောင်နှင့် အစိမ်းရောင်နှစ်မျိုးရှိသည်။ မက်မန်းသီးသည် ကွမ်းသီးလုံးအရွယ်များသာရှိတတ်သည်ကိုတွေ့ရသည်။ ချဉ်ခြင်း၊ ဖန်ခြင်း၊ ချိုခြင်း၊ မွှေးခြင်းဆိုသည့်အရသာများက အရွယ်စုံကို နှစ်သက်သဘောကျစေသည်။

မက်မန်းပင်များသည် ဆောင်းမကုန်မီ ပွင့်ကြပြီး အချို့အပင်များသည် ဝါဆိုဝါခေါင်လများတွင် ဆွတ်ခူးရနိုင်သကဲ့သို့ အချို့စောစောသီးသည့် အပင်များကြောင့် ဈေးကောင်းရတတ်သည်။ ကဆုန်လ၊ နယုန်လများတွင် ဆွတ်ခူးပြီး ဈေးကွက်ပို့နိုင်သည်။ အသီးများကို ရောင်းချကြရာတွင် ချိန်ခွင်များ၊ အလေးများနှင့်ချိန်ခြင်းမျိုးမဟုတ်သကဲ့သို့ အလုံးအရေအတွက်နှင့် ရေတွက်ပြီး ရောင်းကြ ဝယ်ကြခြင်းမျိုးလည်းမဟုတ်ဘဲ ပြည်တောင်းများနှင့်

ခြင်ပြီး ရောင်းကြ ဝယ်ကြခြင်းဖြစ်သည်။ မက်မန်းသီးရောင်းဈေးများသည် တစ်နှစ်နှင့်တစ်နှစ် မတူနိုင်သော်လည်း မက်မန်းသီးတစ်ပြည်လျှင် ငွေကျပ် ၃၀၀၊ ၃၅၀၊ ၄၀၀ ဈေးရတတ်ကြကြောင်း၊ မက်မန်းတစ်ပင်မှ အသီးငါးပြည်ခန့်ရတတ်ကြောင်း မြို့အနီးဝန်းကျင်ရွာများတွင် လိုက်ဝယ်တတ်သော အဝယ်တော် ကိုမိုးမြင့်က ရှင်းပြသည်။

မက်မန်းသီး ကုန်ကြမ်းများလုပ်ကိုင်သူ မိုးကြိုးစံပြကျေးရွာမှ ဦးဝင်းသိန်းက ၎င်းသည် ကုန်ကြမ်းလုပ်ကိုင်သူဖြစ်ကြောင်း၊ ကုန်ကြမ်းဆိုသည်မှာ မက်မန်းသီးကိုဝယ်ပြီး အိမ်တွင် ရာဝင်အိုးကြီးများနှင့် ဆားရည်စိမ်ထားကြောင်း၊ ကုန်ချောလုပ်ကိုင်သူများအား မက်မန်းသီးဆားရည်စိမ်ကို ပြန်ရောင်းကြောင်း၊ ပြင်ဦးလွင်မြို့ထဲတွင် မက်မန်းသီး အချဉ်၊ အချို၊ အစပ်ယိုထုပ်လေးများ တစ်ပိုင်တစ်နိုင်လုပ်ကြသူများရှိကြောင်း၊ ကုန်ချောလုပ်ကြခြင်းဖြစ်ကြောင်း၊ သရေစာလုပ်ငန်းများအားလုံးသည် မက်မန်းသီးကြိုက်နှစ်သက်သူများအကြားတွင် လုပ်ငန်းအောင်မြင်လာကြကြောင်း၊ မက်မန်းဝိုင်ကိုလည်း နောက်ပိုင်းတွင် လူကြိုက်များလာသဖြင့် တစ်ပိုင်တစ်နိုင်မိသားစုလုပ်ငန်း လုပ်ကိုင်လာသူများရှိလာကြောင်း၊ ထိုသူများကိုမူ မက်မန်းသီး နီညိုရောင်အလုံးလှလှ ရင့်ရင့်များရွေးပြီးပို့ရကြောင်း၊ ပဲခူးမြို့မှ ဝိုင်လုပ်ငန်းလုပ်ကိုင်သူများအထိ တင်ပို့ကြောင်း၊ မန္တလေးသို့လည်းတင်ပို့ကြောင်း ရှင်းလင်းပြောကြားသည်။

နောက်ထပ် ကုန်ချောတစ်မျိုးသည် မက်မန်းသီးကို ပျားရည်စိမ်ပြီး အထုပ်ထုပ်ရောင်းခြင်းဖြစ်သည်။ နောင်ခန်းကြီးကျေးရွာမှ မက်မန်းစိုက်တောင်သူ ဦးအေးကိုက တောင်ယာများတွင် ချင်းစိုက်ရင်းနှင့် မက်မန်းစိုက်သွားကြကြောင်း၊ နောက်နှစ်တွင် ချင်းပြန်မစိုက်ဘဲ တောင်ယာစပါးကိုစိုက်ကြကြောင်း၊ ချင်းစိုက်ရန် နေရာအသစ် ခုတ်ထွင်ကြောင်း၊ မက်မန်းသီးသည် လေးနှစ်တွင် ခူးရန်လိုလာကြောင်း၊ ထိုအချိန်တွင် မက်မန်းသီးခူးရန်အတွက် အလုပ်သမားလိုကြောင်း၊ စိုက်ပျိုးနေကြသည့်အချိန်ဖြစ်သဖြင့် လုပ်သားရှားကြောင်း၊ မက်မန်းသီးခူးသည့် အလုပ်သမားများသည် အများအားဖြင့် အမျိုးသမီးများသာဖြစ်ကြောင်း၊ နေ့စားအလုပ်သမားများသာဖြစ်ကြောင်း ပြောပြသည်။

မက်မန်းသီးသည် ဈေးကြီးသည့် အသီးတစ်မျိုးမဟုတ်ဘဲ ဒေသတွင်း၌ ပေါပေါများများထွက်သည့် အသီးတစ်မျိုးဖြစ်သည်။ ပြင်ဦးလွင်မြို့ရှိ အိမ်တိုင်း၌ ပိုနေသည့်မြေနေရာများတွင် မက်မန်းပင်များ စိုက်ပျိုးထားသည်ကို တွေ့မြင်ရသည်။ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ကိုင်သည့် စီးပွားရေးဖြစ်သဖြင့် အိမ်ရှင်မများ၊ အမျိုးသား၊ အမျိုးသမီးများအတွက် အလုပ်အကိုင်ရရှိစေသကဲ့သို့ နိုင်ငံတော်၏ စေတနာဖြစ်သော ဆင်းရဲမှု လျှော့ချနိုင်ရေးအတွက် အခွင့်အလမ်းများဖြစ်ပြီး ဝင်ငွေရစေနိုင်ပေသည်။

ယိုစုံလုပ်ငန်း၊ အချဉ်ပေါင်းလုပ်ငန်းများအပြင် ဝိုင်လုပ်ငန်းများ ခေတ်မီတိုးတက်သည့် နည်းစနစ်များဖြင့် တွင်တွင်ကျယ်ကျယ်လုပ်ကိုင်ကြမည်ဆိုလျှင် မက်မန်းဝိုင်သည် မြန်မာပြည်၏ တင်ပို့ကုန်အမယ်တစ်မျိုးဖြစ်လာနိုင်ပါကြောင်း မိသားစုတစ်ပိုင်တစ်နိုင် မက်မန်းသီးလုပ်ငန်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

ဖျာပုံဆန်ဈေးအရောင်းအဝယ်အေး

ဖျာပုံ ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြစ်ဝကျွန်းပေါ် မြို့နယ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဖျာပုံမြို့နယ်သည် ဆန်စပါးအဓိကစိုက်ပျိုးထုတ်လုပ်သော တောင်သူများမှ ဆန်စပါးများ ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ပွင့်လင်းရာသီဖြစ်သည့် မြူနှင်းဖွေးဖွေး ဆောင်းအေးအေးရာသီတွင် မိုးစပါးများ လှိုင်လှိုင်ရောင်းချပြီး ဆောင်းသီးထပ် နွေစပါးများစတင်ရောင်းချနေပြီဖြစ်သည်။ ဖျာပုံမြို့တွင် ရေလုပ်ငန်းများအပြင် ဆန်စပါးလုပ်ငန်းများကိုလည်း ဆန်ကုန်သည်များအသင်း၊ ဆန်စက်ပိုင်ရှင် အသင်းများဖွဲ့စည်းလုပ်ကိုင်လျက်ရှိသည်။ ဆန်ကုန်သည်ပွဲစားများက ဖျာပုံမြို့နယ် အသီးသီးမှထွက်ရှိသော ဆန်များကို ရန်ကုန်သို့ ပို့ဆောင်၍ ရန်ကုန်မှ အထက်အညာဒေသများသို့ ဆက်လက်ပို့ဆောင်ရောင်းချကြသည်။ ရန်ကုန်မြို့သို့အဓိကတင်ပို့ကြသည်။ တင်ပို့ရာတွင် ဆန်ဈေးနှုန်းများမှာ ဘေးကြားလေးပေါ်ဆန်းမွှေး (အသစ်)ပေါင်တိုက်အိတ်တစ် အိတ်လျှင် ထူးရှယ်သန့် ငွေကျပ်၂၀၀၀၀၊ အဟောင်း ငွေကျပ် ၂၆၀၀၀၊ ဘေးကြား ကြီးခေါ် ခွန်နီ (အသစ်) ပေါင်တိုက်အိတ် တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၊ ဘေးကြားလေးပေါ်ဆန်းမွှေး မိုးစိုစပါး အဝါဖောက်ဆန် တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၊ ၁၅၀၀၀ အသီးသီး ဆန်အရည်အသွေးအလိုက် ရောင်းချကြသည်။ ဆန်ကွဲဈေးနှုန်းများမှာ ဆန်ကွဲကြီး တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၊ ဆန်ကွဲ အသေးတစ်အိတ်လျှင် ငွေကျပ် ၉၀၀၀ ရှိပြီး ဆန်ကွဲကြီးကို ရန်ကုန်သို့ အဓိက တင်ပို့ရောင်းချသည်။ ဆန်ကွဲလေးကို ဒေသအတွင်း မွေးမြူရေးလုပ်ငန်းရှင်များနှင့် မုန့်ဖတ်လုပ်ငန်းရှင်များက ဝယ်ယူအသုံးပြုကြသည်။ ခွန်နီအရည်အသွေးကိုမမီသော်လည်း ပေါ်ကွဲခေါ် မြီးဒုံးဆန်ကို တတိယတန်းစားအဖြစ် ရောင်းချလျက်ရှိရာ ဟာလာစက်ကလေးကြိတ် အသစ်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၊ အဟောင်း တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀ နှုန်းများရှိကြောင်းသိရသည်။

ဖျာပုံမြို့ရှိ ကုန်သည် တစ်ဦးကမြီးဒုံးဆန်သည် ဆန်စေ့တွင် ဗိုက်ဖြူမပါ။ ဗိုက်ဖြူပါလျှင် အချွန်အုပ်စုဝင်များအဖြစ် ရေလုပ်ငန်းရှင်များကို ရောင်းချရပြီး ယခုနှစ် အရောင်းအဝယ် ပါးရခြင်းအကြောင်း အရင်းမှာ အချိန်အခါလွန်မိုးမိပြီးသား ရေစိုစပါးများကို ကြိတ်ခွဲရခြင်းကြောင့် ဆန်ထွက်မကောင်းဘဲ အရည်အသွေးညံ့ ဆန်များကို ဝယ်ယူရောင်းချရကြောင်း ကုန်သည်ပွဲစားများ အလုပ်သိပ်မဖြစ်ဘဲ အရင်းသာသာ စရိတ်အရှုံးခံ၍ ရောင်းချနေရပါကြောင်း၊ ရန်ကုန်သို့ တင်ပို့ရာတွင်လည်း ရွှေဘို ပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၃၇၀၀၀ နှုန်းဖြင့် အကောင်းဆုံးဆန်အဖြစ် ဖျာပုံ၊ လက်ပန်ပေါ်ဆန်းမွှေးဆန်ကို ကျော်၍ ဆန်ထွက်ရှိရာ ဒေသအသီးသီးမှ အဆက်မပြတ် ဝင်ရောက်နေသဖြင့် ဆန်တင်ပို့ရောင်းချရခြင်း၊ အမြတ်ငွေ နည်းပါးရခြင်းနှင့် ဈေးအေးနေရခြင်း ဖြစ်ကြောင်း ရှင်းပြသည်။

ယခုအခါ ဒေသအသီးသီးရှိ ဆန်လုပ်ငန်းရှင်များသည် ရာသီဥတုကောင်းမွန်ပြီး သဘာဝ ဘေးအန္တရာယ်များကျရောက်မှုမရှိပါက အထွက်နှုန်းနှင့် စပါးမျိုးများကောင်းပြီး ဆန်စပါးအရောင်းအဝယ်ကောင်းမွန်၍ ရာသီဥတုဖောက်ပြန်ပါက တောင်သူများနှင့် ကုန်သည်များအတွက် စီးပွားရေးထိခိုက်မှုရှိကြောင်း သိရသည်။ (ဝ၇၁)

မြို့သစ်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

မြို့သစ် ဇန်နဝါရီ ၂၀

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မကျည်းကုန်းကြီးကျေးရွာ၌ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က ဦးမောင်မြင့်၏ အိမ်မီးလောင်စဉ် ရွာသူရွာသားများအား မောင်းထုအသံချဲ့စက်များဖြင့် အကူညီတောင်းခဲ့ရာ ဒေသခံပြည်သူများက ၎င်းတို့၏အစီအစဉ်ဖြင့် ရေစည်လှည်းများ၊ ရေပုံးများ၊ မီးချိတ်၊ မီးကပ်များ၊ လှေကားများယူဆောင်ကာ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ခြင်းကြောင့် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရှိရသည်။ (နတ်မောက်သား)

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့ အထက နှစ်(၅၀) ပြည့် (၁၉၆၂-၂၀၁၂)ရွှေရတုသဘင်ပွဲ၊ အာစရိယပူဇော်ပွဲနှင့် ငွေပဒေသာပင် စိုက်ထူပွဲ အသိပေးနှိုးဆော်ခြင်း

- ဆောမြို့ အထက ရွှေရတုသဘင်ပွဲတော်ကို အထကကျောင်းဝိုင်းအတွင်း အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်။
  (၁) ၅-၄-၂၀၁၃ ရက် **ရွှေရတုအခမ်းအနားဖွင့်ပွဲ၊ ပြပွဲ၊ ပျော်ပွဲရွှင်ပွဲများ**
  (၂) ၆-၄-၂၀၁၃ရက် **အာစရိယပူဇော်ပွဲ**
  (၃) ၇-၄-၂၀၁၃ရက် **ကျောင်းသားဟောင်းများ တွေ့ဆုံပွဲနှင့် မိတ်ဆုံစားပွဲ**
- ရွှေရတုပွဲတော်ကျင်းပရက်(၂၀၁၃ ခုနှစ် ဧပြီလ ၅/၆/၇)ရက်များတွင် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် စွမ်းဇာနည်ဇာတ်ပွဲဖြင့် ရုံတင်ပြသသွားမည်။
- ဆော အထက ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်းတစ်စောင် စီစဉ်ထုတ်ဝေသွားမည်ဖြစ်၍ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ကာတွန်း စသည့်စာမူများကို၃၁-၁-၂၀၁၃ရက် နောက်ဆုံးထား၍ ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။
- ရွှေရတုပွဲနှင့် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး၊ ငွေပဒေသာပင်စိုက်ထူနိုင်ရေးတို့အတွက် အလှူငွေများကို ဆောအထကကျောင်းသား ကျောင်းသူဟောင်းများမှ စွမ်းနိုင်သမျှ ပါဝင်လှူဒါန်းနိုင်ကြပါရန် လေးစားစွာ အသိပေးနှိုးဆော်အပ်ပါသည်။

အလှူငွေထည့်ရန် စာမူပို့ရန်နှင့် စုံစမ်းရန်လိပ်စာများ

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ဆောမြို့၊ငွေစာရင်းအမှတ် (F-၁၉)သို့ ပေးပို့နိုင်ပါသည်။

ဆောမြို့	ဖုန်းနံပါတ်များ	ရန်ကုန်	ဖုန်းနံပါတ်များ
ဦးအောင်စန်း	၀၉-၄၀၁၅၆၆၁၉၅	ဦးညိုဝင်း	၀၉-၈၆၁၉၉၉၄
ဦးသန်းထွန်း	၀၉-၄၀၁၅၆၆၁၄၆	ဒေါ်ဆွေဇင်အောင်	၀၉-၅၁၃၁၄၄၆
ဦးထွန်းကြည်	၀၉-၄၀၁၅၆၆၁၃၁	ဒေါ်ခင်ဝါဝါ	၀၅၆-၂၂၄၈၃
ဒေါ်သန်းသန်းထွေး	၀၉-၄၀၁၆၂၉၉၉၈	ဦးမျိုးဝင်းဇော်	၀၉-၄၂၀၀၀၀၀၅၆
ဦးဌေးဝင်း	၀၉-၄၀၁၆၃၀၀၂၆	ဒေါ်ခင်ခင်မြင့်	၀၉-၅၃၂၁၃၅၅
ဒေါက်တာရဲသီဟ	၀၉-၄၅၀၀၂၂၁၁၉	**မကွေးမြို့**	
မန္တလေး		ဒေါ်ချိုအေး	၀၉-၄၀၁၅၅၈၁၁၇
ဦးဉာဏ်ဝင်း	၀၉-၄၀၂၅၅၅၉၀၁	ဒေါ်အေးငြိမ်းငြိမ်းဟန်	၀၉-၄၀၁၆၁၆၇၆၉
ဒေါ်ဆွေလန့်	၀၂-၆၆၆၅၉	ဦးမြင့်စိုး(ကိုပေါက်စ)	၀၆၃-၂၇၀၁၅
ဒေါက်တာဇင်သောင်း	၀၂-၈၈၂၄၃	**ပခုက္ကူမြို့**	
ဒေါက်တာအောင်သူ	၀၉-၂၀၁၇၅၇၂	ဒေါ်ညွန့်ညွန့်အေး	၀၉-၄၀၁၅၄၁၉၈၂
		ဦးစိုးမြင့်ထွန်း	၀၉-၅၃၉၄၆၂၈

ရွှေရတုပွဲတော်ကျင်းပရေးကော်မတီ၊ အထက ဆောမြို့

ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်လက်ကျန်လနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကုန်ပစ္စည်းများကို ပို့ဆောင်လိုပါသောကြောင့် ကုန်ပစ္စည်းတန်ဆာခ ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပို့ဆောင်ရမည့်ဒေသ	အရေအတွက်(တန်ချိန်)လစဉ်	တင်သွင်းရမည့်နောက်ဆုံးနေ့
၁	ရန်ကုန်မှမန္တလေး	၄၀၀ (တန်)ခန့်	၃၀-၁-၂၀၁၃ ရက်

- ပေးသွင်းလိုသောသူများအနေဖြင့် တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အမှတ် ၂၃-၂၈၊ အောင်ဆန်းကွင်း အရှေ့ဘက်တန်း၊ ပန်းဆိုးတန်းလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
- **ဆက်သွယ်ရန်ဖုန်း-၀၁-၃၇၀၈၆၁၊ ၃၇၀၈၆၂**



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၄)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၁၄၊မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊မြေကွက်အမှတ် ၁၄၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဒေါ်လွင်လွင်စိုး ၁၂/သဃက(နိုင်)၀၀၈၁၆၉ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ၎င်းတို့ထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင် အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ မည်သူမဆိုခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာလှိုင် အထက်တန်းရှေ့နေ
အမှတ် ၃၉၊ ၄၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၉၇၆၃၊ ၀၉-၄၄၈၀၀၉၃၃၅

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀ကံဘဲ့၊ မြေကွက်အမှတ် ၄၂/က၂၊ မြေကွက်တည်နေရာ အမှတ် ၄၂/က၂၊ ဦးဘဟန်လမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်ထွေးထွေး အမည်ပေါက် မြေပိုင်မြေ၃ (ခ) မြေအား အမည်ပေါက် ဒေါ်ထွေးထွေး ကွယ်လွန်သဖြင့် ဦးသိုက်စိုး ၁၂/လကန (နိုင်) ၀၁၆၄၇၁ က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀ကံဘဲ့၊ မြေကွက်အမှတ် ၄၂/ခ၊ မြေကွက်တည်နေရာ အမှတ် ၃၇၊ ဦးဘဟန်လမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်ထွေးထွေး အမည်ပေါက် နှစ်၆၀မြေ၄အား ဂရန်မြေအား အမည်ပေါက် ဒေါ်ထွေးထွေး ကွယ်လွန်သဖြင့် ဦးသိုက်စိုး၁၂/လကန(နိုင်) ၀၁၆၄၇၁က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၁၇၇၊ မြေကွက်တည်နေရာအမှတ် ၁၇၇၊ မိဂသီ ၂၁ လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာ ဦးခွင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခွင်နှင့်ဇနီး ဒေါ်ဖွားကျင် ကွယ်လွန်သဖြင့် ဦးသန်းထွေး ၁၂/ဥကတ(နိုင်) ၁၁၆၉၅၄က တစ်ဦးတည်းသော သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၄/တောင်၊ မြေကွက်အမှတ် ၇၈၀/က၊ မြေကွက်တည်နေရာ ၇၈၀/က၊ အောင်သစ္စာ ၆လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတ၊ ဦးသာဟန် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသာဟန် ကွယ်လွန်သဖြင့် ဒေါ်လှယဉ် ၁၂/ဒပန(နိုင်)၀၃၄၃၁၀က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အီရန်နိုင်ငံ ပါလီမန်အမတ်၊ သံအမတ်ကြီးနှင့်အဖွဲ့ တို့တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၀

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ပါလီမန်အမတ် H.E. Mr. Mansour Haghighat Pour နှင့် မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Hossein Kamallian တို့ အဖွဲ့အား တွေ့ဆုံပြီး ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

အဆိုပါအဖွဲ့သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးသာလူချေနှင့် တာဝန်ရှိသူတို့နှင့်အတူ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ မင်းဂံရပ်ကွက် (ရခိုင်) ကယ်ဆယ်ရေးစခန်း၊ သက္ကေပြင် (မူဆလင်)၊ အုန်းတောကြီး (မူဆလင်)၊ ဘောဒူဖ (မူဆလင်) နှင့် စက်ရုံစု ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး စခန်းအသီးသီးရှိ အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားကာ ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ပါလီမန်အမတ်၊ မြန်မာနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးနှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စစ်တွေမြို့ မြို့မိမြို့ဖများနှင့် မူဆလင် ကျေးရွာ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် ထိခိုက်၊ ပျက်စီး၊ ဆုံးရှုံးမှုများနှင့် တည်ငြိမ်အေးချမ်းရေး၊ ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ပါလီမန်အမတ်၊ မြန်မာနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးနှင့် အဖွဲ့ဝင်များက မြန်မာနိုင်ငံ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့၏ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ပေးနေမှုနှင့် တိုးတက်မှု အခြေအနေများအပေါ် တွေ့မြင်သိရှိရ၍ အားရကျေနပ်မှုရှိပါကြောင်း၊ ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးနှင့် လူမှုရေးနယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးသွားမည့် အစီအမံများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။ ဆက်လက်၍ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ နှစ်ဖက်သော ဒေသခံ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများက ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ဆေးဝါးနှင့်စားနပ်ရိက္ခာ ထောက်ပံ့ရရှိရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဆွေးနွေးတင်ပြချက်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်မည့် အစီအမံများအား ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ပဲခူး ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်မှ ကြီးမှူးကျင်းပသော ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး၊ ခရိုင်များနှင့် မြို့နယ်တရားရုံးများမှ ဝန်ထမ်းမိသားစုများ၏ သားသမီးများကို ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီက ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ငါးဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦးတို့အား ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တရားလွှတ်တော်တရားသူကြီးများနှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

(သန့်ဇင်)

တရားမဝင်သစ်များ ဖမ်းဆီးရမိ

တောင်ငူ ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများသည် တရားမဝင်သစ် ဖမ်းဆီးရေးလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၃ ရက်တွင် ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်ကားလမ်းမိုင်တိုင် ၂၅/၄ ၌ တရားမဝင်ကျွန်းသစ် ခုနစ်လုံး(၂ ဒသမ ၃၃ တန်)၊ ဇန်နဝါရီ ၁၄ ရက်တွင် ကြို့ပင်ကောက်မြို့နယ်မှ သစ်တောဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဘော်ဘင်ကြိုးဝိုင်းအကွက်အမှတ် ၅၁ ၌ တရားမဝင် ပျဉ်းကတိုးသစ်လုံးတိုင် ၂ ဒသမ ၆၃၄ တန်၊ မျောက်ငိုခွဲသား ၀ ဒသမ ၂၁၉၂ တန်တို့ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိသည်။

အလားတူ ဇန်နဝါရီ ၁၆ ရက်တွင် ပဲခူးမြို့နယ်မှ သစ်တောဝန်ထမ်းများသည် ဘုရားကြီးဘိနယ် ဘုရားကြီးကျေးရွာ မင်းလမ်းရပ်ကွက်တွင် တရားမဝင် ပျဉ်းကတိုးသစ် ငါးလုံး (၂ ဒသမ ၃၁၇၄ တန်) သယ်ဆောင်လာသည့် နီဆန်း ၁၀ ဘီး ၃က/. . . ကားတစ်စီးနှင့်အတူ တရားခံ ယာဉ်မောင်း သစ်ပိုင်ရှင် ဦးတင်ဌေးအောင်အား ဖမ်းဆီးရမိပြီး ပဲခူးမြို့နယ်တရားရုံးတွင် သစ်တော ဥပဒေပုဒ်မ ၄၂(ခ)အရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရခိုင်ပြည်နယ် ဂွမြို့နယ်မှ သစ်တောဝန်ထမ်းများနှင့် ပုသိမ်အနောက် သစ်ထုတ်ရေးဒေသမှ ဝန်ထမ်းများပူးပေါင်း၍ တရားမဝင်သစ် ဖမ်းဆီးရေးလုပ်ငန်းကို ဇန်နဝါရီ ၁၂ ရက်တွင် ဂွချောင်း ကြိုးပြင်ကာကွယ်တော ခုတ်ကွက်အမှတ် ၅၅ နေရာနှစ်ခုမှ တရားမဝင်အခြားခွဲသား/သစ်လုံး ၁၈ ဒသမ ၆၁၄၆ တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိပြီး မြန်မာ့သစ်လုပ်ငန်းသို့ လွှဲအပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သစ်တောဦးစီး)**

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကွင်းရန်ကွာ
စိတ်ချမ်းသာ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကယားပြည်နယ်နေ့ အားကစားပြိုင်ပွဲများ နောင်ယားကန်သာတွင် ကျင်းပ

လွိုင်ကော် ဇန်နဝါရီ ၂၀

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သော ကယားပြည်နယ်နေ့ အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲ၊ ငါးမျှားပြိုင်ပွဲ၊ ကယားနပန်းပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲများကို သာယာလှပရေးအတွက် ပြုပြင်တည်ဆောက်ပြီးစ နောင်ယားကန်သာတွင် ဇန်နဝါရီ ၁၂ ရက် နှင့် ၁၃ ရက်များက ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ဈေးရောင်းပွဲတော်၊ ဌာနဆိုင်ရာပြခန်းများ၊ အခြားအားကစားပြိုင်ပွဲများ၊ ကယားရိုးရာအကပဒေသာ၊ ဇာတ်ပွဲ၊ စင်တင်တေးဂီတတို့ကို ကယားပြည်နယ်နေ့ ပွဲတော်ကွင်း၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရသည်။ **ကြီးမြင့်နိုင် (လွိုင်ကော်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ဂျူဒိုပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၁၂ ခုနှစ် (ကြည်း၊ ရေ၊ လေ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ကျား/မ ဂျူဒိုပြိုင်ပွဲကို ရန်ကုန်မြို့ လှိုင်တပ်မတော် မိုးလုံလေလုံ အားကစားခန်းမ၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ကျင်းပရာ ဒုတိယနေ့အထိ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဂျူဒိုအဖွဲ့မှ ရွှေခုနစ်ခုဖြင့် ဦးဆောင်လျက်ရှိသည်။ အဆိုပါပြိုင်ပွဲကို နံနက် ၉ နာရီမှ ညပိုင်းအထိ ကျင်းပလျက်ရှိရာ ပြိုင်ပွဲဝင် (က) အဆင့် နိုင်ငံတကာအဆင့်မီတန်း၊ (ခ) အဆင့် အခြေခံတန်းနှင့် (ဂ) အဆင့် လူသစ်တန်း သုံးတန်းရှိရာ (ခ) တန်းနှင့် (ဂ) တန်း နှစ်တန်းကိုသာ ရန်ကုန်တွင် ကျင်းပပြီး (က)တန်း (နိုင်ငံတကာအဆင့်မီတန်း)ကို နေပြည်တော်၌ ဇန်နဝါရီ ၂၉ ရက်တွင် ပြင်ပပြိုင်ပွဲဝင်များနှင့်လည်း ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

တပ်မတော်ဌာနချုပ် အသီးသီးမှ ပြိုင်ပွဲဝင်အဖွဲ့ ၄၇သင်းရှိပြီး ၃၃ သင်းသာလာရောက်ယှဉ်ပြိုင်ကြောင်း၊ ပြိုင်ပွဲကျင်းပရေး ကော်မတီအတွင်းရေးမှူး ဗိုလ်ကြီးဝင်းဇော်ထွေးက ပြောသည်။

ကျား (-၄၅မှ + ၁၀၀) ကီလိုတန်း၊ မ(-၄၂မှ + ၇၈)ကီလိုတန်းများဖြစ်ပြီး ရွှေ၊ ငွေ၊ ကြေး ဆုများနှင့် သတ်မှတ်ပြီး တံခွန်စိုက်ဒိုင်း၊ အကောင်းဆုံးဆုကိုတော့ နေပြည်တော်၌သာ ပေးမည်ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။ ဂျူဒိုပြိုင်ပွဲအား ၁၉၉၆ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုပွဲတွင် (၁၇) ကြိမ်မြောက် ဖြစ်သည်။ တပ်မတော် ဂျူဒိုချန်ပီယံခုနစ်ဦးရှိပြီး နိုင်ငံတကာ အဆင့်မီ သင်တန်းဆရာနည်းပြ သုံးဦး ရှိသည်။ **သန့်ဇင်ဝင်း (နယူးလိုက်)**

သက်ကြီးပူဇော်

မန္တလေး ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (မန္တလေး) က ကြီးမှူးကျင်းပသော တတိယအကြိမ် ရှမ်း သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက မန္တလေး ပြည်ကြီးတံခွန်မြို့နယ် တမာတန်းရှိ ကျောင်းနမ့်ခမ်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (မန္တလေး)၏ နာယက ဦးစိုင်းကျော်အေးဝင်းနှင့် ဥက္ကဋ္ဌ ဦးခွန်ထွန်းဇံတို့က ဂုဏ်ပြုသြဝါဒစကားပြောကြားပြီး အကြံပေးအဖွဲ့ဝင် ဦးစိုင်းလှကျော်က ရှမ်းတိုင်းရင်းသားများ သက်ကြီးပူဇော်ပွဲကျင်းပရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းမောင်လှက အသက်အကြီးဆုံးအဘွားနိုင်းခေဆိုင်း (၁၀၂)နှစ် အပါအဝင် အဘိုးအဘွား ၂၀ တို့အား ကန်တော့ပြီး ကန်တော့ပစ္စည်းနှင့် အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ်သုံးသောင်းစီကို ပေးအပ်ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။

ခင်ခင်ဝင်း (ပညာရေး)

အာဖရိကနိုင်ငံများဖလား ပြိုင်ပွဲများစတင် အင်ဂိုလာနှင့် မော်ရိုကို ဂိုးမရှိ သရေပွဲကြဲ

အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၉ ရက်က တောင်အာဖရိကနိုင်ငံ၌ စတင်ကျင်းပခဲ့ရာ အုပ်စု (A) မှ အင်ဂိုလာနှင့် မော်ရိုကိုအသင်းတို့ ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။ မော်ရိုကိုအသင်း ကွင်းလယ်ကစားသမားယွန်နက်ဘန်းဘယ်ဟန်ဒါသည် အနိုင်ဂိုးရရှိရေး တစ်ချိန်လုံးခြေစွမ်းပြ ကစားခဲ့သည်။ မော်ရိုကိုတစ်သင်းလုံး အနိုင်ဂိုးရရှိရေးဖိကစားခဲ့သော်လည်း အင်ဂိုလာတို့ ခံစစ်အားကို မကျော်နိုင်၍ ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့ရသည်။ အိမ်ရှင်တောင်အာဖရိကအသင်းနှင့် ကိတ်ဗာဒီတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲတွင်လည်း ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ရသည်။

နစ်မြုပ်စက်လှေ ပြန်လည်ဆယ်ယူရန်ပြင်ဆင်

ရန်ကုန် ဇန်နဝါရီ ၂၀

ဇန်နဝါရီ ၁၆ ရက် နံနက် ၅ နာရီဝန်းကျင်က ဘုရင့်နောင်ပွဲရုံ ဆိပ်ကမ်းဖောတံတားတွင် ဆိုက်ကပ်ထားသော ကမ်းရိုးတန်းသွား စက်လှေတစ်စင်း ဆိပ်ကမ်းမှ ထွက်ခွာရန် ပြင်ဆင်ချိန် တွင် နစ်မြုပ်သွားကြောင်း၊ အဆိုပါ နစ်မြုပ်သွားသော စက်လှေအား ပြန်လည်ဆယ်ယူရန် ပြင်ဆင်နေသည်ကို ဇန်နဝါရီ ၁၈ ရက်တွင် မြင်တွေ့ရကြောင်း ဘုရင့်နောင်ပွဲရုံဝင်းမှ လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

အဆိုပါ စက်လှေမှာ ငွေဝင်တိုး အမည်ရှိပြီး မြိတ်သို့ ထွက်ခွာမည့် စက်လှေဖြစ်သည်။

စားသောက်ကုန်နှင့် လူသုံးကုန်များ တင်ဆောင်ထားသည်ဟု သိရသည်။ စက်လှေနစ်မြုပ်ရာ နေရာတွင် ပစ္စည်းများ ဆယ်ယူနေသည်ကို မြင်တွေ့ရသည်ဟု ဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုသူများက ဆိုသည်။ အဆိုပါ စက်လှေဖြင့် ကုန်တင်ပို့သူများ၏ ပြောစကားအရ အဆိုပါစက်လှေသည် သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်မှုကြောင့် ဖြစ်သည်ဟု သိရပြီး ကုန်ပစ္စည်း တင်ပို့သူများအနေဖြင့် တင်ပို့ကုန်ပစ္စည်း တန်ဖိုးနစ်နာဆုံးရှုံးရကြောင်း၊ ပွင့်လင်းရာသီဖြစ်၍ မိုးတွင်းကာလကကဲ့သို့ ကုန်သည်များအနေဖြင့် ရေကြောင်းအာမခံကို ကုန်ပစ္စည်းများအပေါ် ထားရှိခြင်းမရှိသဖြင့် ကုန်ပစ္စည်းတန်ဖိုးငွေများ ဆုံးရှုံးရကြောင်း ကုန်သည် တစ်ဦးက ဆိုသည်။ သို့ဖြစ်၍ ကုန်စည် ပို့ဆောင်ရာတွင် ကုန်သည်များအနေဖြင့် မိမိတို့ ကုန်ပစ္စည်းအပေါ် အထူးသဖြင့် ရေလမ်းခရီးတွင် ရေကြောင်းအာမခံထားရှိသင့်ကြောင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ အနေဖြင့်လည်း ရေလမ်း၊ ကုန်းလမ်းများတွင် လေကြောင်းလမ်းကဲ့သို့ သတ်မှတ်ကုန် တန်ချိန်အတိုင်းသာ တင်ဆောင်သင့်ကြောင်း အာမခံလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောကြားအကြံပြုသည်။

လူအများအနေဖြင့် အာမခံလုပ်ငန်းများနှင့် ရင်းနှီးဆက်သွယ် လုပ်ကိုင်ခြင်းဖြင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသည့်အခါ ဆုံးရှုံးမှုနည်းနိုင်ကြောင်း ၄င်းကဆက်လက်ပြောကြားသည်။ **(ခင်ဆိုင်)**

သြစတြေးလျအိုးပင်းတင်းနစ် ဒေးဗစ်ဖာယာကွာတားတက်ပြီ

သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို မဲလ်ဘုန်းမြို့၌ ဆက်လက်ကျင်းပလျက်ရှိရာ စပိန်တင်းနစ်ချန်ပီယံ ဒေးဗစ်ဖာယာသည် ဂျပန်တင်းနစ်ကစားသမား ကိုင်းနီရှီကိုရီအား အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။ ၄င်းသည် မကြာမီက ဆစ်ဒနီအိုးပင်းတွင်လည်း ဖလားဆွတ်ခူးထားသူ ဖြစ်သည်။

ဂရင်းဆလမ်ဖလား ၁၇ လုံး ဆွတ်ခူးထားသည့် ဆွစ်ဇာလန် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒရားက သြစတြေးလျမှ အသက် ၂၀ အရွယ်ရှိ တင်းနစ်ကစားသမား ဘားနက်သောမစ်အား ၆-၄၊ ၇-၆ ဖြင့် နိုင်ပြီး စတုတ္ထအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားသည်။ ဖက်ဒရားသည် သြစတြေးလျအိုးပင်းဖလားကို လေးကြိမ်တိုင် ဆွတ်ခူးထားသူဖြစ်သည်။

မြင့်မောင်စိုး-စုစည်းသည်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းစက်ရုံများ၏ ထုတ်ကုန်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ရောင်းချမည့်ပစ္စည်းများ** - ဖြတ်စများ၊ အလေအလွင့်များ၊ ပန်းရိုက်အမျိုးမျိုး၊ အဖြူချွတ်ဆေးဆိုးပိတ်အမျိုးမျိုး၊ ပိတ်ကြမ်းအမျိုးမျိုး၊ ချည်အမျိုးမျိုး။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၁-၂၀၁၃ရက်မှ ၂၉-၁-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)

၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ရုံးအမှတ်(၃၇)၊ အထည်အလိပ်လုပ်ငန်း၊ ရောင်းချဖြန့်ဖြူးရေးဌာန၊ နေပြည်တော်။
(ခ) အမှတ်(၁)အထည်စက်ရုံခွဲ၊မရမ်းကုန်း၊ (၇)မိုင် (၇)ဖာလုံ ရန်ကုန်-အင်းစိန်လမ်း၊(ဈေးကွက်သုတေသန ရှာဖွေရေး)

၅။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊အချိန်၊နေရာ** - ၃၀-၁-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂း၀၀ နာရီ၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း၀၆၇-၄၀၈၁၅၆၊ ၀၆၇-၄၀၈၁၅၇၊၀၆၇-၄၀၈၂၁၃၊ ၀၆၇-၄၀၈၃၆၉၊ ၀၁-၆၆၁၃၀၅၊ ၀၉-၅၀၃၄၀၂၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အထည်အလိပ်လုပ်ငန်း

မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကွပ်ကဲမှုအောက်ရှိ ခရိုင်အင်ဂျင်နီယာမှူးရုံးများတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့် ကတ္တရာများအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ကတ္တရာ(၈၀/၁၀၀)	၅၀၀ တန်

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၄း၃၀နာရီ
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက် - ၃၁-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်အချိန် - ၀၉း၃၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၁-၁-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အင်ဂျင်နီယာမှူးကြီးရုံး
ဖုန်း-၀၆၃-၂၃၀၁၈၊ ၀၆၃-၂၅၁၈၇

တိုက်ခန်းရောင်းမည်

၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်။

ဖုန်း-၂၉၅၉၁၁

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၇က/၂၇၈၆၏ ပုံစံ(၁)အခွန်ကျေ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၈၅၅၂၀၅၄

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင်နေထိုင်သူ မခိုင်မျိုးသူ ၁၂/လသယ(နိုင်) ၀၇၃၈၄၂ ပထမနှစ် (စီးပွားရေး)၏ ဖခင်အမည်မှန်မှာ ဦးမိုးကျော်(ခ) ဦးကျော်မိုးဖြစ်ပါကြောင်း။

ပျောက်ဆုံးခြင်း

ကျွန်တော်တို့၏ GOLDEN TACHILEIK MINING COMPANY LIMITED ၏ ကုမ္ပဏီမှတ်ပုံတင်ကတ်မူရင်း၂၉၁၈/၂၀၁၁-၂၀၁၂(၂-၁၂-၂၀၁၁)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပို့ပေးပါရန်။ ဖုန်း-၉၅၁-၅၄၃၆၆၄၊ ၉၅၁-၅၅၈၂၀၈

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇-အေ၊ မြေကွက်အမှတ် ၁၇-ဈ၊ မြေကွက်တည်နေရာ အမှတ်၆၊ ရှင်စောပုလမ်း၊ အလုံမြို့နယ်၊ ဒေါ်တုတ် အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တုတ်ထံမှ ပေးကမ်းစာချုပ် ၅၉၁/၁၉၆၃ အရ ဦးကျော်မြနှင့် ဦးအောင်ဝင်းတို့ ရရှိခဲ့ပြီး ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၁၂၇/၂၀၁၁အရ အမွေပုံစီမံခန့်ခွဲမှုအရ အမွေဆိုင်များအသီးသီး ခွဲဝေယူခဲ့ပြီး မြေကွက်အမှတ် ၁၇-ဈ ကို ဒေါ်ခင်သန်း ၁၂/စခန(နိုင်)၀၄၄၄၄၁ က ပိုင်ဆိုင်ခဲ့၍ ဂရန်ခွဲလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတကာအားကစားသတင်း

မန်စီးတီး နှင့် လီဗာပူး တို့

နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့သည့် ပွဲစဉ်(၂၃)

အာကာဟိန်း - ရေးသားသည်

ပရီမီယာလိဂ်ပွဲစဉ် (၂၃)ကို ဇန်နဝါရီ ၁၉ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လီဗာပူးက အိမ်ကွင်း၌ ပြတ်သားသည့် ဂိုးရလဒ်ဖြင့် အောင်ပွဲခံနိုင်ခဲ့ပြီး မန်စီးတီးတို့ကလည်း အိမ်ကွင်း၌ သုံးမှတ်အပြည့်ရယူကာ နိုင်ပွဲများကိုယ်စီဖြင့် ခရီးဆက်နိုင်ခဲ့ကြသည်။ မန်စီးတီးတို့ နိုင်ပွဲရရှိခဲ့သဖြင့် မန်ယူနှင့် အမှတ်ကွာဟနေသော်လည်း ပရီမီယာလိဂ်ဖလားအိပ်မက်ရှင်သန်နေဆဲပင်ဖြစ်သည်။

မန်စီးတီး ၂-၀ ဖူလ်ဟမ်

မန်စီးတီးတို့ ပွဲစတင်သည်နှင့် တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန် နှစ်မိနစ်မှာပင် ဒေးဗစ်ဆေးလ်ဗားက ဖူလ်ဟမ်ဂိုးဧရိယာအတွင်းမှ ကန်သွင်းယူခဲ့သဖြင့် မန်စီးတီးတို့ အဖွင့်ဂိုးရရှိခဲ့သည်။ ဖူလ်ဟမ်တို့ ချေပဂိုးရရှိရေး တိုက်စစ်ဆင်ကစားခဲ့ရာမန်စီးတီးတို့ ဂိုးထပ်မသွင်းနိုင်ဘဲ နှောင့်နှေးခဲ့ရသည်။ ပထမပိုင်း ပွဲချိန်ပြီးသည်အထိ ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် မန်စီးတီးတို့ ဦးဆောင်နေခဲ့ရာမှ ဒုတိယပိုင်းပွဲချိန် ၆၉ မိနစ်တွင် ဒေးဗစ်ဆေးလ်ဗားကပင် ဂိုးဧရိယာအတွင်းမှ ကန်သွင်းယူခဲ့ရာ ဒုတိယဂိုး ရရှိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် မန်စီးတီးတို့ နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

လီဗာပူး ၅-၀ နော့ဝှစ်

အိမ်ကွင်း၌ ကစားရသော ယခုပွဲ၌ လီဗာပူးတို့ ဂိုးများများသွင်းယူအောင်ပွဲခံနိုင်ခဲ့သည်။ လီဗာပူးအတွက် အဖွင့်ဂိုးကို ဟန်ဒါဆင်က ပွဲချိန် ၂၆ မိနစ်၌ နော့ဝှစ်ဂိုးဧရိယာအပြင်ဘက်မှ ကန်သွင်းယူခဲ့သဖြင့် ဂိုးစတင်ရရှိခဲ့ခြင်းဖြစ်သည်။ လီဗာပူးတို့ ဆက်လက်ထိုးဖောက်ကစားခဲ့ရာ နော့ဝှစ်တို့ ဟန့်တားသော်လည်း ထိရောက်မှုမရှိသဖြင့် ပွဲချိန် ၃၆ မိနစ်၌ ဂိုးဧရိယာအတွင်းမှနေ၍ ဆွာရက်ဇ်က ကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရခဲ့သည်။ ဆက်လက်ပြီး ပွဲချိန် ၅၈ မိနစ်၌ ဒင်နီရယ်စတားရစ်က တစ်ဂိုးသွင်းယူကာ ပွဲချိန် ၆၆ မိနစ်၌ ဂျရတ်က ဂိုးဧရိယာအပြင်ဘက်မှ ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ပြန်သည်။ နော့ဝှစ်တို့ ချေပဂိုးများမသွင်းနိုင်ဘဲဖြစ်နေရာ ပွဲချိန် ၇၄ မိနစ်၌ ဘင်နက်က တစ်ဂိုးသွင်းယူခဲ့သဖြင့် လီဗာပူးတို့ စုစုပေါင်း ငါးဂိုးရရှိခဲ့ခြင်းဖြစ်ပြီး ပွဲအပြီး ငါးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဆွမ်ဆီး ၃-၁ စတုတ်

ဆွမ်ဆီးတို့အိမ်ကွင်း၌ အနိုင်ရရန် ခက်ခဲစွာ ကြိုးပမ်းခဲ့ရသည်။ ဆွမ်ဆီးအတွက် အဖွင့်ဂိုးကို ပွဲချိန် ၄၉ မိနစ်၌ ဒေးဗစ်က သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ဆွမ်ဆီးတို့ တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၅၇ မိနစ်၌ ဂတ်ဇ်မင်းက တစ်ဂိုးသွင်းယူခဲ့သည်။ ဆွမ်ဆီးတို့ ဂိုးရရှိရေး ဆက်လက်ကြိုးစားခဲ့သော်လည်း စတုတ်တို့က မာမာတင်းတင်း တုံ့ပြန်ကစားခဲ့မှုကြောင့် ပွဲချိန် မိနစ် ၈၀ ရောက်မှသာ စတုတ်အသင်း ပယ်နယ်တီဧရိယာအတွင်းမှ ဂတ်ဇ်မင်းက သွင်းယူခဲ့သဖြင့် ဆွမ်ဆီးတို့ တတိယဂိုးရရှိခဲ့သည်။ စတုတ်တို့ ချေပဂိုးများသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ပွဲချိန် မိနစ် ၉၀ ၌ စတုတ်မှ မိုက်ကယ်အိုဝင်က အနီးကပ်ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ပွဲအပြီး သုံးဂိုး-တစ်ဂိုးဖြင့် ဆွမ်ဆီးတို့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ် ၁-၂ ရက်ဒင်း

အဝေးကွင်း၌ ရက်ဒင်းတို့ သုံးမှတ်အပြည့်ရယူနိုင်ခဲ့သည်။ ပွဲချိန် ၃၅ မိနစ်၌ အလွတ်တည်ကန်ဘောမှတစ်ဆင့် ကာဘာယီက ကန်သွင်းယူခဲ့သဖြင့် အိမ်ရှင်တို့ ဂိုးစတင်ရရှိခဲ့သည်။ သို့သော် ရက်ဒင်းတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၇၁ မိနစ်၌ ရက်ဒင်းမှ ဖန်ဒရီက သွင်းယူခဲ့သဖြင့် ရက်ဒင်းတို့ ဂိုးရရှိသွားသည်။ ပွဲချိန် ၇၇ မိနစ်၌ ဖန်ဒရီကပင် နောက်ထပ်တစ်ဂိုး သွင်းယူခဲ့သဖြင့် ပွဲအပြီး ရက်ဒင်းတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဝီဂန် ၂-၃ ဆန်းဒါးလန်း

ဝီဂန်တို့အတွက် ပွဲချိန် လေးမိနစ်၌ ဆန်းဒါးလန်းမှ ဗက်ဟမ်း ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် လက်ဆောင်ဂိုးရရှိခဲ့သော်လည်း ဆန်းဒါးလန်းအတွက် ၁၇ မိနစ်၌ ဂတ်နာက ပယ်နယ်တီမှ တစ်ဂိုး၊ ဖလက်ချာက မိနစ် ၂၀နှင့် ၄၂ မိနစ်တို့၌ တစ်ဦးတည်းနှစ်ဂိုး သွင်းယူခဲ့သည်။ ဝီဂန်အတွက် ဒုတိယချေပဂိုးကို ၇၉ မိနစ်၌ ဟန်ရီကွက်ဇ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ။

အခြားပွဲရလဒ်

ဝက်စ်ဘရွန်း ၂-၂ ဗီလာ

အားကစားသတင်း အတိုအထွာ

- မန်ယူအသင်းသည် ခရစ္စတယ်ပဲလေ့စ်တောင်ပံကစားသမား အသက် ၂၀ အရွယ်ရှိဇာဟာအား ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းပေးရန် တောင်းဆိုမှုအား စဉ်းစားနေကြောင်း၊ ယခင်က ပြောင်းရွှေ့ကြေးပေါင် ရှစ်သန်းပေးမှုကိုတိုးမြှင့်ရန် စဉ်းစားနေခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- အေစီမီလန်အသင်းသည် မန်စီးတီးတိုက်စစ်မှူး ဘာလော့တယ်လီအား ခေါ်ယူရန် ကြိုးစားနေသော်လည်း ပြောင်းရွှေ့ကြေးပေါင် ၃၁ သန်းအထိ ဈေးတိုးတောင်းထားသဖြင့် ဆွေးနွေးမှုရပ်တန့်လျက်ရှိသည်။
- ဘာစီလိုနာအသင်းသည် ချယ်လ်ဆီးအသင်းမှ အသက် ၂၀ အရွယ် ဂိုးသမား ကာတိုအစ်အား ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းပေးမည်ဟု ပြောကြားလျက်ရှိသည်။
- ဆွမ်ဆီးအသင်းသည် ထရိုနီဒက်နှင့် တိုဘာဂိုအသင်းမှ အသက် ၂၈ နှစ်အရွယ် တိုက်စစ်မှူး ဂျိုးစ်အားခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။
- ဆန်းဒါးလန်းအသင်းသည် လာဇီယိုအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဇာရက်တီအားခေါ်ယူစာချုပ်နိုင်ရေး ကြိုးစားလျက်ရှိသည်။
- ဝက်စ်ဟမ်းအသင်းသည် ကွင်းလယ်ကစားသမား ဒီရာမီအား စာချုပ်သစ်ထပ်မံချုပ်ဆိုတော့မည် မဟုတ်သဖြင့် အာဆင်နယ်အသင်း၏ ခေါ်ယူမှုကို ခွင့်ပြုမည်ဖြစ်သည်။
- နယူးကာဆယ်အသင်းသည် ကွင်းလယ်ကစားသမား အသက် ၁၉ နှစ်အရွယ်ရှိ ကစားသမားတစ်ဦးကို ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- ဒါဘီကောင်တီအသင်းမှ ကွင်းလယ်ကစားသမား အသက် ၁၇ နှစ်အရွယ်ရှိ ဟက်စ်အား ဇန်နဝါရီလကုန်တွင် အသင်းမှထွက်ခွာရန်ခွင့်ပြုမည်ဖြစ်ပြီး ၎င်းကို မန်စီးတီးမှ ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။
- မန်စီးတီးတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်သည် မန်စီးတီးနှင့် လက်ရှိချုပ်ဆိုထားသော စာချုပ်ပြီးဆုံးပါက စာချုပ်သစ်ထပ်မံချုပ်ဆိုမည်မဟုတ်ဘဲ အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာသို့ ပြောင်းရွှေ့ကစားမည်ဟု ထုတ် ဖော်ပြောကြားသည်။
- အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ယခုနှစ် ဘောလုံးရာသီကုန်၌ အာဆင်နယ်မှ ထွက်ခွာကာ ပဲရစ်စိန့်ဂျာမိန်းအသင်းသို့ပြောင်းရွှေ့မည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

မောင်ချစ်ကြည် - ရေးသားသည်

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနေပြည်တော်(တပ်ကုန်း)ရှိ
ဓာတ်အားခွဲရုံသုံး စက်ပစ္စည်းများဝယ်ယူရန်အတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လိုအပ်လျက်ရှိသော ဓာတ်အားခွဲရုံသုံးစက်ပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	**33/11 KV ဓာတ်အားခွဲရုံများအတွက် လိုအပ်သောစက်ပစ္စည်းများ**	**1 Lot**
(ခ)	**33/11 KV ဓာတ်အားခွဲရုံအတွက် VCB (Studio Complex)**	**1 Lot**
(ဂ)	**33/11 KV ဓာတ်အားခွဲရုံအတွက် VCB (Radio Complex)**	**1 Lot**
(ဃ)	**33/11 KV ဓာတ်အားခွဲရုံအတွက် VCB (Padaukmyay)**	**1 Lot**

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၁-၂၀၁၃ ၊ ၂၁-၁-၂၀၁၃ ရက်များတွင် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၁-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ ပုံစံစည်းကမ်းချက်များ စက်အမျိုးအစားနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၇၉၄၁၁၊ ၇၉၀၇၉၊ ၇၉၁၃၅

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)အတွက်

Raw Material များဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)အတွက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ Raw Material များအား **မြန်မာကျပ်ငွေ**နှင့် ၂၅-၃-၂၀၁၃ ရက် စက်ရုံအရောက် ဈေးနှုန်းဖြင့် ဝယ်ယူလိုပါသည်-

(က) Steel Scrap (HMS-1) - 10,000 tons

Specification:

Thickness of Piece	≥	1/4" (6mm)
Size of Piece	≤	L=36"x W=16"

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၁-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၁-၂၀၁၃ ရက်၊ ၁၀း၀၀ နာရီ

၃။ တင်ဒါအာမခံကြေး **(ကျပ်သိန်းတစ်ရာ)**ပေးသွင်းရမည်ဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် တစ်စုံလျှင် ကျပ်ငါးထောင်နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန
အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ် (၄၁)၊ နေပြည်တော်
ဖုန်း-၀၉-၄၀၁၅၅၆၀၅၆

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီးနေ ဦးမြင့်သန်း (Chairman, Thazin Garden Hotel, Bagan) -
ဒေါ်တင်မာမြင့် (MD, Pan Amara Company Limited)တို့၏သားကြီး

မောင်မြင့်ဟန်

Diploma in Engineering
Director, Thazin Garden International Trading Co.,Ltd.

နှင့်

ရန်ကုန်တိုင်းဒေသကြီးနေ အဂ္ဂမဟာသီရိသုဓမ္မဓဇဇောတဓရ ဦးထွန်းထွန်း (President, Myanmar Judo Federation) -
ဒေါ်ဝေဝေ (MD, Thirawmani Group of Companies) တို့၏ တစ်ဦးတည်းသောသမီး

မသဇင်ထွန်း

B.A(English), International Advanced Diploma in Business
Director, Thirawmani Group of Companies

တို့၏ ၇-၁၂-၂၀၁၂ ရက်(သောကြာနေ့)တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးအောင်သာနှင့် ဦးလဖိုင်ခွန်ဆာ (ဥက္ကဋ္ဌ၊ ပန်ဟုတ်ဒူဝါကျောက်မျက်ကုမ္ပဏီ) အားလည်းကောင်း၊ ၈-၁၂-၂၀၁၂ ရက်(စနေနေ့)တွင် ရွှေသုဝဏ်ကျောင်းတိုက်၌ မင်္ဂလာဦးဆွမ်းကျွေး၊ ၁၉-၁-၂၀၁၃ ရက်(စနေနေ့)တွင် Traders Hotel (Myanmar Ball-room) မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရရွှေမန်းနှင့်ဇနီး၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဝဏ္ဏကျော်ထင်စည်သူ ဦးဇော်ဇော် (Chairman of Myanmar Football Federation) နှင့်ဇနီး ဒေါ်ငွေးငွေးခိုင် (Max Myanmar Group of Companies) တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၏ ဇနီးများနှင့် မိသားစုများ၊ စစ်ဘက်နယ်ဘက်ဆိုင်ရာ ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်ဆွေများ၊ ရင်းနှီးသောသူငယ်ချင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာခင်ခင်ယုမော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးသော မခင်သစ္စာစိုး၊ မယုဝေအောင်တို့အား လည်းကောင်း၊ မင်္ဂလာသတို့သားအရန်များ မောင်ထက်ပိုင်၊ မောင်ကျော်သာ၊ မင်္ဂလာသတို့သမီးအရန်များ မအိမ္မွန်ထူး၊ M.Chris လုမိုင်တို့အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင်ဟေမာနေဝင်း၊ မေတ္တာဖြင့်ကူညီပေးပါသော first music agency အဖွဲ့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဦးထွန်းထွန်းဦး-ဒေါ်မာမာ၊ မေတ္တာဖြင့် မင်္ဂလာကိတ်ပေးပို့ပေးသော Sydney cup cake၊ မင်္ဂလာခန်းမတွင် ပန်းအလှဆင်ယင်ပေးသော Eternal floral service၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးပါသော ဒီဇင်ဘာနှင်း၊ အထွယ်နှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးပါသော မိုးကုတ်ပေါက်ပေါက်နှင့် မဆွေဦးမြင့် (Manimay fashion boutique)အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသော 7 Picture နှင့် ကိုလင်းထွန်း leopard & King အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော မိတ်ဆွေများအားလည်းကောင်း၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အား ကျေးဇူးဥပကာရ လှိုက်လှိုက်လှဲလှဲ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြင့်ဟန်-မသဇင်ထွန်း

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အင်္ဂါရပ်နှင့် မပြည့်စုံသည့် ဆိုင်ကယ်များအရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၀

နေပြည်တော်ကောင်စီနယ်မြေ သီရိငါးမြို့နယ်နှင့် ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေးမြို့နယ်များတွင် ဇန်နဝါရီ ၁၈ ရက်မှစတင်၍ အင်္ဂါရပ်နှင့် မပြည့်စုံသည့် မော်တော်ဆိုင်ကယ်များ၊ စည်းကမ်းမဲ့ ယာဉ်မောင်းနှင်သူများကို စီမံချက်ဖြင့် ထိရောက်စွာ အရေးယူလျက်ရှိကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မော်တော်ဆိုင်ကယ်များ၊ ယာဉ်မောင်းသူများအား စစ်ဆေးအရေးယူရာတွင် လိုင်စင်မဲ့ဆိုင်ကယ်များ၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်၊ ဆိုင်ကယ်စီးဦးထုပ်၊ မေးသိုင်းကြိုး၊ နှစ်ဦးထက်ပို၍တင်ဆောင်သော ဆိုင်ကယ်များနှင့် တစ်လမ်းမောင်းစနစ် မလိုက်နာသူများ စသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများအား နေပြည်တော် စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ အရ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ဇန်နဝါရီ ၁၅ ရက်တွင် ကြိုတင်ကြေညာထားပြီး ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁ ရက်မှ စတင်၍ ၂၀၁၂ ခုနှစ်နိုဝင်ဘာ ၃၁ ရက်အထိ တရားဝင် မော်တော်ဆိုင်ကယ်မှတ်ပုံတင်ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှစတင်ပြီး အင်္ဂါရပ်နှင့် ပြည့်စုံခြင်းမရှိသော မော်တော်ဆိုင်ကယ်များကို ထိရောက်စွာ အရေးယူခြင်းဖြစ်ကြောင်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ အဆင့်မြင့် အရာထမ်းတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မြစ်ကြီးနား-မန္တလေး ရထားစက်ခေါင်းနှင့် လူစီးတွဲနှစ်တွဲ မတင်ပြီးစီး

အင်းတော် ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်း မော်လူးဘူတာနှင့် နန့်စီးအောင်ဘူတာအကြား မိုင်တိုင်အမှတ် (၆၁၀/၂၁-၂၂) တွင် ဖောက်ခွဲခံခဲ့ရသည့် ရထားစက်ခေါင်း အမှတ် (DF.2058) အား ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် GOT.N. 603. 101. (မန္တလေးကရိန်း) နှင့် 45 TDC.9893. (ကောလင်းကရိန်း) တို့ အထက်ပါနေရာသို့ရောက်ရှိကာ အထက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်း၊ ဦးစိုင်းနိုင်ဇော်ဦး (သွား/လာ) တိုင်းဒေသကြီး(၂)၊ ရှာထောင်မန်နေဂျာ၊ ဒုကြီးကြပ်ရေးမှူး (သွား/လာ) ဦးညွန့်ဖေ (ကောလင်း) မန်နေဂျာတို့ကကြီးကြပ်ဆောင်ရွက်ပြီး မြန်မာ့မီးရထား မန္တလေး ကရိန်း အလုပ်ရုံစုမှူး (၁) ဦးခင်မောင်ဆွေ ပါ ၁၈ ဦး၊ ကောလင်းကရိန်း လ/ထ အင်ဂျင်နီယာ ဦးသန်းဝင်းပါ ၁၅ ဦး၊ မော်လူးမြို့ပြအင်ဂျင်နီယာ ဦးထင်လှအောင်ပါခြောက်ဦး၊ မြေပလ္လင်ရွာမှ လုပ်အားဒါန ၂၀ တို့ပူးပေါင်း၍ နံနက် ၁၁ နာရီတွင် ဆောင်ရွက်ရာမွန်းလွဲ ၂ နာရီခွဲ၌ စက်ခေါင်းသည် သံလမ်းခွင်ပေါ်အရောက် မတင်နိုင်ခဲ့ပြီး ဇန်နဝါရီ ၁၇ ရက်နံနက် ၂ နာရီ ၁၁ မိနစ်၌ နန့်စီးအောင်ဘူတာသို့ရောက်ရှိပြီး ရထားလမ်းပိုင်းကို ဖွင့်ပေးခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၇ ရက်မွန်းလွဲ ၂ နာရီခန့်တွင် အထက်ပါတွဲကျရာနေရာသို့ ကရိန်းများရောက်ရှိပြီး ဘိုကီနှစ်လုံးကို သံလမ်းပေါ်တင်ခဲ့သည်။ BDT EZ. 3008 တွဲကို ညနေ ၄ နာရီမှ စ၍ မတင်ခဲ့ရာ ညနေ ၅ နာရီတွင် သံလမ်းခွင်အရောက် မတင်ခဲ့သည်။ BDT EZ. 13077 တွဲကို ည ၁၀ နာရီ ၁၀ မိနစ်တွင် မတင်ခဲ့ရာ ည ၁၀ နာရီ မိနစ် ၅၀ တွင် သံလမ်းခွင်သို့အရောက် မတင်ခဲ့ပြီး နံနက် ၁၁ နာရီ ၂၈ မိနစ်တွင် ရထားလမ်းပိုင်းကို ဖွင့်ပေးခဲ့ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူကပြောကြားသည်။

(မြန်မာ့အလင်း)

မီးဘေးရှောင်
မလောင်ခင်တား

ပညာရေးစုံညီပွဲတော် တပ်ကုန်းမြို့နယ်၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် နွယ်ရစ်ရွာ အမက (မူလွန်) ကျောင်းတွင် ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက ပညာရေးစုံညီပွဲတော်ကို အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်ကုန်းမြို့နယ် ပညာရေးမှူး ဦးရွှေကြီး၊ လက်ထောက် ပညာရေးမှူး ဦးဝင်းထူးနှင့် ဦးထွန်းမင်း၊ ကျောင်းအုပ်ဆရာကြီး ဦးမြတ်နိုင်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ ထို့နောက် ပညာရေးစုံညီပွဲတော်ကို ကျင်းပပြီး ဆုရကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

ကျော်သူဝင်း (မြန်မာ့အလင်း)





လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် အသုံးပြုရန်အတွက် လိုအပ်သော ထရန်စဖော်မာဆီ Insulation Oil, ဆီလီကာဂျယ် & Accessories များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၁-၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊
ပစ္စည်းထောက်ပံ့ရေးဌာန၊ရန်ကုန်မြို့
အမှတ် (၁၉၇၊၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း
အလုံမြို့နယ်
ဖုန်း-၀၁-၂၂၀၈၁၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် (၅ခ?)၊ ၅ခနှင့် ၆/၁၄ အတွင်းရှိ တရားဝင်လက်ရှိပိုင်ဆိုင်သော အကျယ်အဝန်း(အလျား ပေ၅၀×အနံပေ ၅၀) ရှိ B(လ/န၃၉)ရပြီး မြေကွက်နစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် ၈လမ်း၊ အမှတ် ၂၄/၂၆ ဟု ခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်အမည်ပေါက်နှင့် လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်လှမြတ်ထွေး ၁၂/လမန(နိုင်)၁၁၂၀၃၅ နှင့် ဦးအောင်မျိုးမြင့် ၁၂/လမန(နိုင်)၀၃၈၆၈၃ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် မြေနှင့်အိမ်တန်ဖိုးငွေ၏စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေနှင့်အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း(LL.B, D.B.L)အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

အများသိစေရန်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၆၂ (Ocean Super Center)တိုက်-C၊ အခန်း ၄၀၄ တွင် ရုံးခန်းဖွင့်လှစ်ထားသော ပန်းတော်ထရေးဒင်းကုမ္ပဏီလီမိတက်သည် စီးပွားရေးလုပ်ငန်းများကို မန်နေးဂျင်းဒါရိုက်တာ ဦးသန်းဝင်း ၁၂/သဃက(နိုင်)၁၄၂၆၂၉၏ ဦးဆောင်မှုဖြင့် စနစ်တကျအုပ်ချုပ်၊ စီမံခန့်ခွဲလုပ်ဆောင်လျက်ရှိပါသည်။

၂။ သို့ဖြစ်ရာ မန်နေးဂျင်းဒါရိုက်တာဦးသန်းဝင်း (သို့မဟုတ်) ကုမ္ပဏီဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူမဟုတ်ဘဲ၊ မည်သူမျှ ကုမ္ပဏီ၏ Letter Head၊ တံဆိပ်တုံး၊ အမှတ်အသားတို့ကိုပြုလုပ်သုံးစွဲ၍ ဈေးကွက်ရှာဖွေရောင်းဝယ်ခြင်း၊ သီးခြားလုပ်ငန်း ဆက်သွယ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက ကုမ္ပဏီအနေဖြင့် တစ်စုံတစ်ရာ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ဘဲ စွန့်စားပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မန်နေဂျင်းဒါရိုက်တာဦးသန်းဝင်း၏ ညွှန်ကြားချက်အရ-
ဦးအောင်မြတ်ထွဋ် H.G.P, LL.B, D.A.,D.O.S, B.D.S, WIPO (Switz;)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၇၆/၈၇)
ရုံး-တိုက် ၉/၁၁(ပထမထပ်)၊ အခန်း ၁၀၄(ဒီ)၊ ၃၆ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၉၂၂၈၁၄၆

သက်ရှည်ကျန်းမာ လမ်းလျှောက်ပါ

သတင်းနှင့်ဓာတ်ပုံ
အောင်သန်း(မင်္ဂလာတောင်ညွန့်)

အာရောဂျံ၊ ပရမံ၊ လာဘံ၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ လူပုဂ္ဂိုလ်တိုင်းသည် မည်မျှပင် တော်သည်၊ တတ်သည် ဖြစ်စေ၊ ချမ်းသာကြွယ်ဝပြည့်စုံသည် ဖြစ်စေ မကျန်းမာလျှင် အချည်းနှီးသာ ဖြစ်ပေလိမ့်မည်။ သို့အတွက် ကျန်းကျန်းမာမာ ရှိနေခြင်းသည် လူ့ဘဝသက်တမ်းအတွက် အရေးကြီးဆုံးအခြေခံ အကြောင်းရင်းပင်ဖြစ်ပေသည်။ လူ၏ခန္ဓာကိုယ်တွင်း သွေးလည်ပတ် လှုပ်ရှားမှုရှိစေရန် အရိုးအကြောအဆစ်များ သန်မာစေရန် ဆိုလျှင် ခန္ဓာကိုယ်ကို နေ့စဉ်လှုပ်ရှားပေးရန်လိုအပ်ပေသည်။ ကျန်းမာရေးဆိုင်ရာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခြင်း အမျိုးမျိုးရှိသည့်အနက် စရိတ်စကမရှိသော၊ အထောက်အကူပြုပစ္စည်းမလိုသော၊ ငွေကုန်ကြေးကျလုံးဝမရှိသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခြင်းသည် နေ့စဉ် လမ်းလျှောက်ခြင်းပင်ဖြစ်ပေသည်။ မိမိတွင်ရှိသော ခြေထောက်နှစ်ချောင်းသည် မိမိ၏ ကိုယ်ပိုင်ဆရာဝန်များပင်ဖြစ်သည်ဟု တင်စားရေးသားခြင်းများပင် ရှိသည်။ လမ်းလျှောက်ခြင်းအတွက် ရရှိလာမည့် ကျန်းမာရေးရလဒ်များကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစာစောင်များ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုလိုင်းများကလည်း အခါအားလျော်စွာ ရေးသားဖော်ပြ ထုတ်လွှင့်ကာ ပြည်သူများအား ကျန်းမာရေးအသိပညာပေး ဖြန့်ဝေပေးနေသည်မှာလည်း အထင်ကရပင်ဖြစ်ပေသည်။

စာရေးသူသည် ပြည်ပတွင် အချိန် ကာလအားဖြင့် တစ်နှစ်ကျော် သွားရောက်နေထိုင်ခဲ့စဉ်က အချိန်ပိုအားလပ်နေ၍ တစ်ရက်လျှင် တစ်နာရီခွဲခန့် နေ့စဉ်လမ်းလျှောက်ခဲ့ရာ ကိုယ် အလေးချိန်ပေါင် ၁၈၀ ရှိခဲ့ရာမှ ပေါင်ချိန် ၂၀ လျော့ကျလာခဲ့သည်။ မိမိ၏ဇာတိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး လမ်းလျှောက်ခြင်းမပြုဘဲ နေသဖြင့် ကိုယ်အလေးချိန် ပြန်လည်တိုးလာရာ နံနက်ပိုင်း လမ်းလျှောက်ခြင်းကို ပြန်လည်ပြုလုပ်ခဲ့ရပြန်သည်။ ရန်ကုန်မြို့ ကန်တော်ကြီးကျွန်းတစ်ပတ်သည် နှစ်မိုင် ခြောက်ဖာလုံခန့်ရှိသည်ဖြစ်ရာ နေ့စဉ် တစ်ဝက်ခန့် လမ်းလျှောက်ဖြစ်ခဲ့သည်။ ကန်တော်ကြီး ပန်းဥယျာဉ်သည် မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဗဟန်းမြို့နယ်နှစ်ခုအကြား တည်ရှိသည်။ နံနက်

တိုင်း မိမိတို့ စိတ်အားထက်သန်ရာ ကိုယ်ကာယလေ့ကျင့်နည်း အမျိုးမျိုးဖြင့် ပန်းဥယျာဉ်အတွင်း ကိုယ်လက်လှုပ်ရှားမှု ပြုနေသူများကို အားရစဖွယ် တွေ့မြင်ရသည်။ **(အပေါ်ပုံ)** အပြင်ပတ်လမ်း စင်္ကြံများနှင့် အတွင်းပတ်လမ်းကျွန်းကူး သစ်သား တံတားများပေါ်တွင် ကျန်းမာရေးအတွက် လမ်းလျှောက်နေကြသူများကိုလည်း တွေ့မြင်ရသည်။

တစ်နေ့က အင်္ဂလိပ်ရင်ဘတ်ပေါ်တွင် နှစ် ၁၀၀ ဆိုသည့် စာတန်းကို ပန်းထိုးတပ်ဆင်ကာ လမ်းလျှောက်နေသူတစ်ဦးကို ပန်းကန်လုံးကျွန်းတွင်တွေ့၍ လမ်းလျှောက်မိတ်ဆွေဖွဲ့ရင်း စကားစမြည်ပြောဆိုဖြစ်ခဲ့သည်။ သူက အာရောဂျံမဂ္ဂဇင်းနှင့် အားကစားမဂ္ဂဇင်းများတွင် ကျန်းမာရေးဆိုင်ရာအားကစားဆောင်းပါးများရေးနေသူ သာကေတမြို့နယ် စာရေးဆရာ အသင်းဝင် ကလောင်အမည် နှစ် ၁၀၀ ဦးသံချောင်း (အမည်ရင်း-ဦးမြဒင်) အသက် ၇၇နှစ်ဖြစ်သည်။ စာရေးကလောင်အမည် နှစ် ၁၀၀ ဦးသံချောင်းအမည်ပေးရခြင်းကို စေ့ငု မေးမြန်းကြည့်ရာ "ကျွန်တော်က အမြောက်တပ်မှာ တပ်ကြပ်ကြီးအဆင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ကုန်သွယ်ရေး (၁၃)မှာ ဆိုင်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အခု အငြိမ်းစားယူပြီးနောက် စာပဲရေးပါတယ်။ တပ်မှာ ကတည်းက လမ်းလျှောက်တာ လေ့ကျင့်ခန်းလို အကျင့်တစ်ခုဖြစ်နေတော့ လမ်းမလျှောက်ရရင် မနေနိုင်တော့သလို ဖြစ်နေပါတယ်။ အခု ဘာရောဂါတွေရှိသလဲမေးရင် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါတွေ မရှိပါဘူး။ လမ်းမလျှောက်ရရင်မနေနိုင်တဲ့ ရောဂါပဲရှိပါတယ်။ အသက် ၁၀၀ အထိ နေနိုင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ဆန္ဒနဲ့ နှစ် ၁၀၀ ဦးသံချောင်းလို့ ကလောင်အမည်ပေးပြီး ကျန်းမာရေးဆောင်းပါးတွေ ရေးနေတာပါ။ အစိုးရက ပြည်သူလူထု ကျန်းမာကြံ့ခိုင်ရေးအတွက် နည်းအမျိုးမျိုးနဲ့ လှုံ့ဆော်အားပေးနေချိန်မှာ ကန်တော်ကြီးဥယျာဉ်ဝင်ကြေးက တစ်ရက် ကျပ် ၃၀၀၊ လပေးဆို ကျပ် ၂၅၀၀ ပေးဝင်ရတယ်ဆိုတော့ ကျွန်တော်တို့လို အငြိမ်းစားအသက် အရွယ်ကြီးပြီး ကျန်းမာရေးလမ်းလျှောက်သူတွေကိုတော့ သက်ညှာ စဉ်းစားပေးသင့်ပါတယ်" ဟု ရယ်ရယ် မောမောဖြင့် သူ၏ ဒဿနကို ဖွင့်လှစ်ပြသည်။ သာကေတမြို့နယ် (၃)ရပ်ကွက်တွင် နေထိုင်၍ နေ့စဉ် ပန်းကန်လုံးကျွန်းသို့ အသွားအပြန် ခြောက်မိုင် လမ်းလျှောက်ခဲ့ကြောင်း၊ နံနက် ၅ နာရီ နေအိမ်မှထွက်ပြီး နံနက် ၈ နာရီ နေအိမ် ပြန်ရောက်သည်အထိ လမ်းလျှောက်ခဲ့သည်မှာ နှစ် ၃၀ နီးပါး ရှိနေပြီဖြစ်ကြောင်း ပြောပြသည်။

သတင်းမိတ်ဆွေဆရာတစ်ဦးကလည်း ရွှေဘိုမြို့မှ မြောင်းကြီးကျေးရွာသို့ အသွားအပြန် လေးမိုင်ခရီးကို အခြား ကျောင်းသားများကဲ့သို့ စက်ဘီးဝယ်မစီးနိုင်၍ လမ်းလျှောက်ကျောင်းတက်ခဲ့ရသည့် ကျောင်းသားငယ်တစ်ဦးသည် လမ်းလျှောက်အလေ့ အကျင့်ကြောင့် လူရွယ်ဖြစ်လာချိန်တွင် ခရိုင်အဆင့် မာရသွန်အပြေးသမားတစ်ဦး ဖြစ်လာခဲ့ကြောင်း ပြောပြခဲ့သည်။ နေ့စဉ် လမ်းလျှောက်ခြင်းဖြင့် သက်ရှည် ကျန်းမာပျော်ရွှင်ကြပါစေကြောင်း ဤစာစုဖြင့် ဆန္ဒပြုအပ်ပါသည်။ ။

ဆောင်းပါးနှင့် နယ်သတင်း

၂၀၁၃ ခုနှစ်အတွင်း ပထမအကြိမ် သက်တမ်းလွန် စားသောက်ကုန် လူသုံးကုန်ဆေးဝါးပစ္စည်းများ မီးရှို့ဖျက်ဆီး

မန္တလေး ဇန်နဝါရီ ၂၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ သက်တမ်းလွန် စားသောက်ကုန်၊ လူသုံးကုန်၊ စားသုံးရန်မသင့်သောဆီနှင့် ဆေးဝါးပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီခွဲက ကြာနီကန်သုသာန်၌ ကျင်းပရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်း တက်ရောက်အားပေးကြည့်ရှု မီးရှို့ဖျက်ဆီးပေးသည်။

မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် မီးရှို့ဖျက်ဆီးမည့် သက်တမ်းလွန် စားသောက်ကုန်၊ လူသုံးကုန်၊ စားသုံးရန် မသင့်သော ဆီနှင့်ဆေးဝါးပစ္စည်းများကို ကြည့်ရှုလေ့လာ၍ အပ်နှံဖျက်ဆီးရန် ပေးအပ်ခဲ့သည့် ကုမ္ပဏီများနှင့်စားသောက် ကုန်လုပ်ငန်းရှင်များအား စားသုံးသူပြည်သူလူထုဘေးဥပဒ်မဖြစ်စေရေးအတွက် စေတနာ၊ မေတ္တာဖြင့် အနစ်နာခံ အပ်နှံသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် တက်ရောက်လာသော စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအား ပြည်သူအကျိုး အတွက် သက်တမ်းလွန်စားသောက်ကုန်၊ စားသုံးရန်မသင့်သော ဆီနှင့်လူသုံးကုန်၊ ဆေးဝါးပစ္စည်းများ သိမ်းဆည်းဖျက်ဆီးနေသော်လည်း ပြည်သူလူထုအကြား မြို့နယ် ကျေးရွာအသီးသီးတွင် အပ်နှံခြင်းမရှိဘဲ ကိုယ်ကျိုးစီးပွား တစ်ခုတည်းကိုသာ ကြည့်၍ ဝိသမလောဘသားများ၏ ဖြန့်ဖြူးရောင်းချမှုကြောင့် ကျန်ရှိနေသော သက်တမ်းလွန် အစားအသောက်၊ ဆေးဝါးများကို အသိပညာကျယ်ကျယ် ပြန့်ပြန့်သိရှိနိုင်ရန် မိမိတို့စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ နေ့စဉ်ထုတ်သတင်းစာများမှ ဖော်ပြပေးကြသည့်အတွက် သတင်းဂျာနယ်သမားများကို ကျေးဇူးတင်ရှိပါကြောင်း မြို့တော်ဝန်ကပြောကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်တာဝန် ရှိသူများသည် သက်တမ်းလွန် စားသောက်ကုန်၊ လူသုံးကုန်၊ စားသုံးရန် မသင့်သောဆီနှင့်ဆေးဝါးပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၆၀၀၅၇၉၃ ကျပ်ကို မီးရှို့ဖျက်ဆီးကြသည်။

အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၊ ကော်မတီဝင်များ တွဲဖက်အတွင်းရေးမှူးနှင့် ဌာနမှူးများ၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ဒုတိယတိုင်းဦးစီးမှူး မျိုးသန့်ခိုင်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာအေးငြိမ်းမြတ်နှင့်တာဝန်ရှိသူများ၊ ဆေးကုမ္ပဏီများမှတာဝန်ရှိသူများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဆီလုပ်ငန်းရှင်နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊စာပေနှင့် စာနယ်ဇင်းမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **တင်မောင် (မန္တလေး)**

မန္တလေးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖြင့် အရေးယူဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၂၀

ယာဉ်အန္တရာယ် ကင်းရှင်းရေး လျော့နည်းစေရန် မော်တော်ဆိုင်ကယ်များလမ်းအလယ်တွင် မစီးရ သတိပေးသင်္ကေတများကို မန္တလေးမြို့ကျုံးတောင်ဘက်ဘေးရှိ ကားလမ်းတစ်လျှောက်တွင် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းမှစတင်ဆောင်ရွက်နေပြီဖြစ်ပြီး ယာဉ်ကြော ရှုပ်ထွေးတတ်သည့် ၇၈ လမ်း၊ ၂၆ လမ်းတစ်လျှောက် မန္တလေး၊ ရန်ကုန်လမ်းမကြီး၊ ၃၅ လမ်းစသည့်နေရာများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ သတ်မှတ်စည်းကမ်းအတိုင်း လိုက်နာမှုမရှိသည့် မော်တော်ဆိုင်ကယ်များကို ဇန်နဝါရီ ၁၄ ရက်မှစတင်ကာ ထိရောက်စွာ အရေးယူခဲ့ကြောင်း သိရသည်။ မန္တလေးမြို့ပေါ်၊ မြို့သစ်များရှိ လမ်းမများတွင် ယာဉ်အသွားအလာပိုမိုများပြားလာခြင်းကြောင့် ဆိုင်ကယ်စီးနင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပိုမိုလိုက်နာရန်လိုအပ်လျက်ရှိသည်။ မတော်တဆယာဉ်တိုက်မှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိသည့်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီ ပူးပေါင်းအဖွဲ့က သတ်မှတ်စည်းကမ်းများလိုက်နာနိုင်ရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုပြင်းထန်စွာ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာအထိ မော်တော်ယာဉ်ဥပဒေဖြင့် မော်တော် ယာဉ် ၇၀၄ စီးတွင်အမှု ပေါင်း ၁၂၀၀၊ မော်တော်ဆိုင်ကယ် ၃၈၂၆ စီးတွင် အမှုပေါင်း ၆၉၂၈ မှုဖြင့် တရားစွဲဆိုနိုင်ခဲ့ပြီး စည်ပင်သာယာ ဥပဒေပုဒ်မ ၂၆ အရ မော်တော်ယာဉ် ၄၇၉၃ စီးနှင့် မော်တော်ဆိုင်ကယ် ၂၃၂၂၇ စီးကို အရေးယူထားသည်။ မန္တလေးသို့ တရားမဝင် လိုင်စင်မဲ့ယာဉ်နှင့်ဆိုင်ကယ်များ ယနေ့တိုင် ဝင်ရောက်လျက်ရှိနေပြီး လိုင်စင်မဲ့မော်တော်ယာဉ် ၇၄ စီး၊ မော်တော်ဆိုင်ကယ် ၈၇ စီးတို့ကို အရေးယူခဲ့သည်။ ၂၀၁၂ ခုနှစ် တွင် စည်းကမ်း ဖောက်ဖျက်သော မော်တော်ဆိုင်ကယ် အရေးယူမှု ၁၀၄၂၂ မှုရှိခဲ့ပြီး ၂၀၁၁ ခုနှစ်က ထက် ၁၈၄၄ မှု ပိုမိုမြင့်တက်လာခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၅၅၆ မှုဖြစ်ပွားခဲ့ရာ ယခင်နှစ်ထက် ၂၄၆ မှု ပိုမိုဖြစ်ပွားခဲ့သည်။ ဆိုင်ကယ်မတော်တဆမှုသည် အများဆုံးဖြစ်၍ ယာဉ်တိုက်မှုဖြစ်ပွားမှု အများဆုံးအချိန်သည် ညပိုင်းအချိန်ဖြစ်ပြီး မူးယစ်သောက်စား မောင်းနှင်မှုကြောင့် ဖြစ်ပွားလျက်ရှိသည်။သို့ပါ၍ ဆိုင်ကယ်စီးသူများအနေဖြင့် လမ်းပြောင်းပြန် မောင်းနှင်ခြင်းများ၊ ဆိုင်ကယ်ဦးထုပ်နှင့် အတူမေးသိုင်းကြိုးတပ်ဆင် စီးနင်းရန်၊ နှစ်ဦးထက်ပို၍ မစီးရန်၊ သတ်မှတ်မိုင်နှုန်းအောက်သာ မောင်းနှင်ကြရန်နှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ မစီးနင်းကြရန်တို့ကို သက်ဆိုင်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကသတင်းစာ၊ ရေဒီယို၊ လက်ကမ်းစာစောင်များတွင် ၂၀၁၂ ခုနှစ် မေလမှစတင်၍ အစဉ်တစိုက်အသိပေး နှိုးဆော်ထားခဲ့ပြီဖြစ်သော်လည်း လိုက်နာမှု အားနည်းနေ၍ ယခုအခါထိရောက်စွာ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ **တင်မောင် (မန္တလေး)**

အခြားနည်းငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်း-၂၀(၁)အရ]

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် -၁ (မတ္တရာ)

ဒေါ်နွယ်နွယ်တင်(ခ)ချန်မေး **နှင့်** ဒေါ်အီနာ(ခ)အားချိ

တရားလို **တရားပြိုင်**

(ယခင်လိပ်စာ)မတ္တရာမြို့၊ သရက္ကန်မြောက်ရွာနေ(ယခုလိပ်စာမသိ) တရားပြိုင် ဒေါ်အီနာ(ခ)အားချိ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၂၃၀၀၀၀၀၀ိ/(ကျပ်သိန်းနှစ်ထောင့်သုံးရာ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၉ရက် (၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင်သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သက်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်ချစ်ချစ်
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(မကွေး)

အင်ဂျင်နီယာဌာနမှ ကြီးမှူးဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများအား ၃၁-၁-၂၀၁၃ ရက်မှစ၍ ဖွင့်လှစ်ပါမည်။ သ နှင့် ခ လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၃၁၅၃၊ ၀၆၃-၂၃၈၀၇၊ ၀၉-၄၉၂၂၉၀၉၂၊၀၉-၄၀၁၅၅၆၅၈၁ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

အလုပ်ရုံတာဝန်ခံ
အခြေစိုက်အလုပ်ရုံအမှတ်(၁)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(ပြည်)

အင်ဂျင်နီယာဌာနမှ ကြီးမှူးဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများအား ၁-၂-၂၀၁၃ ရက်မှစ၍ ဖွင့်လှစ်ပါမည်။ သ နှင့် ခ လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၃-၂၇၁၀၇၊ ၀၉-၄၂၃၆၇၄၄၂၂၊ ၀၉-၄၅၀၀၃၉၇၄၀တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

အလုပ်ရုံတာဝန်ခံ
အခြေစိုက်အလုပ်ရုံအမှတ်(၁)

အမှတ် (၁)ဆေးဝါးစက်ရုံ(ရန်ကုန်)ရှိ
စက်ပစ္စည်း (၃)မျိုးအတွက် Electrical Power Line, Compressed Air Line, Steam Pipe Line and Water Supply Installations
လုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ အမှတ် (၁)ဆေးဝါးစက်ရုံ (ရန်ကုန်)၏ Film Coating Machine, Blister Packing Machine နှင့် Tablet Packaging Line တို့အတွက် Electrical Power Line, Compressed Air Line, Steam Pipe Line and Water Supply Installations လုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန် - ၂၂-၁-၂၀၁၃ရက် (အင်္ဂါနေ့) (ရုံးချိန်)
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၁-၁-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၄:၀၀နာရီ
(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များ သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ် (၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅

ပျောက်ဆုံးခြင်း

ကျွန်တော် မောင်တင်လင်းအောင် Passport No. M 917 930 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။
ဖုန်း-၀၉-၅၁၂၃၇၃၈၊ ၀၉-၄၂၀၀၅၀၈၀၁

ကြော်ငြာ

အမည်ပြောင်း

မိုးညှင်းခရိုင်၊ ဖားကန့်မြို့၊ အထက ဒုတိယတန်း(A)မှ မောင်ဝတီခန့်မှူးအား မောင်ထွဋ်မြတ်နောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထွဋ်မြတ်နောင်

အမည်ပြောင်း

လှိုင်ကော်မြို့၊ အထက(၁)၊ နဝမတန်း (C)မှ ကျောင်းဝင်အမှတ်(၂၇၇၃) မောင်ကျော်ဇင်သန့်အား ယနေ့မှစ၍ မောင်ဖြိုးဝေဇင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

လှိုင်ကော်မြို့၊ အလက(၂)၊ စတုတ္ထတန်းမှ ကျောင်းဝင်အမှတ်(၆၅၄၀) မအေးသဥ္ဇာကျော်အား ယနေ့မှစ၍ မကေသီကျော်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ဖြည့်စွက်ခြင်းနှင့် မွေးသက္ကရာဇ်အမှန်

ကသာမြို့၊ ရပ်ကွက်(၈)မှ မပြုံးပြုံးမော် ၅/ကသန(နိုင်) ၀၉၇၃၁၃အား မပြုံးပြုံးမော်(ခ) မမေဇင်ပြုံးဟု ဖြည့်စွက်ခေါ်ပါရန်နှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၂၃-၆-၁၉၉၄ ဖြစ်ပါသည်။

မပြုံးပြုံးမော်(ခ)မမေဇင်ပြုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၈၊မြေကွက်အမှတ်၁၀၈၈၊ မြေကွက်တည်နေရာအမှတ်၁၀၈၈၊ (၃၈)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးတင်ချို CG-၀၃၄၂၁၄ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ချိုကွယ်လွန်သဖြင့် ဒေါ်အေးသိန်း၁၂/သဃက(နိုင်)၀၅၀၉၉၅က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၁၁၂၊ဦးပိုင်အမှတ်(၅/ဆ)၊လမ်း၉၀၊၂၁လမ်း× ၂၂လမ်း၊ ဦးနာစန္ဒရော အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဒေါ်သန်းလှ ၉/မနမ(နိုင်)၀၉၄၆၁၁၊ ဒေါ်မိုးမိုးဆင့် ၉/မနမ(နိုင်)၁၀၁၄၉၅ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး
ကော်မတီ

ရွှေပေါ်ကျွန်းသာသနာပြုစခန်း ဥပဋ္ဌာကအဖွဲ့မှ ကြေညာချက်

စေတော်ဝင်ကျောင်း ရွှေပေါ်ကျွန်းသာသနာပြုစခန်းအနေဖြင့် [illegible]

[illegible]

[illegible]

[illegible]

ဥပဋ္ဌာကအဖွဲ့
စေတော်ဝင်ကျောင်း
ရွှေပေါ်ကျွန်းသာသနာပြုစခန်း
မလှိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး

မြို့တော်ဂေါက်ကွင်းအသင်းသားများ နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် (ဆုကြေးစားအဆင့်) ဂေါက်သီးရိုက်ပြိုင်ပွဲကို (၂၄-၁-၂၀၁၃)ရက်နေ့နှင့် (၂၅-၁-၂၀၁၃)ရက်နေ့များတွင် မြကန်သာကွင်း၌ လည်းကောင်း၊ (၁၈)ကြိမ်မြောက် အသင်းသားများ နှစ်ပတ်လည်ပြိုင်ပွဲကို (၉-၂-၂၀၁၃)ရက်နေ့တွင် ငွေသော်တာကွင်းနှင့် မြကန်သာကွင်းတို့၌လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး၊ အသင်းသားများ နှစ်ပတ်လည်ပြိုင်ပွဲ ရိုက်ချက်ကို Callway 1.2 System ဖြင့် တွက်ချက်မည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲတွင် ပထမဦးဆုံး Hole in One ဆုရရှိသူအား Nano အမျိုးအစား Light Truck မော်တော်ယာဉ်တစ်စီး ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ပါသည်။ (Hole in One ဆုရရှိသူ မရှိပါက ညပိုင်းဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်သူ ပြိုင်ပွဲဝင်အသင်းသားများကို ကံစမ်းမဲဖေါက်ပေးပါမည်။)

သို့ဖြစ်ပါ၍ နှစ်ပတ်လည်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်လိုသူ အသင်းသားများသည် မြို့တော်ဂေါက်ကွင်းစည်းကြီးကောင်တာတွင် (၇-၂-၂၀၁၃)ရက်နေ့ ညနေ(၁၈း၀၀)နာရီ နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ပြီး (၇-၂-၂၀၁၃)ရက်နေ့ နောက်ပိုင်း ပြိုင်ပွဲဝင်ရန် စာရင်းပေးသွင်းခြင်းကို လုံးဝ(လုံးဝ) လက်ခံစဉ်းစားပေးမည် မဟုတ်ကြောင်းနှင့် အသင်းသားတစ်ဦးချင်းထံသို့ ဖိတ်စာသီးခြားပေးပို့မည် မဟုတ်ကြောင်းကိုလည်း အသင်းသားများအား အသိပေးကြေငြာအပ်ပါသည်။

အထွေထွေမန်နေဂျာ
မြို့တော်ဂေါက်ကွင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာစုပေါင်းအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၃၊ ဒေါင်းမင်းလမ်း၊ မြေကွက်အမှတ် ၂၂၀/၁၊ ဇရိယာ ၀ ဒသမ ၀၅၃၈ဧကရှိ မြေငှားဂရန်အမည်ပေါက် ဒေါ်ညွန့်ညွန့်ဝေ ၁၂/ဥကတ(နိုင်)၁၀၁၈၂၆ ပိုင်ဆိုင်သောမြေကွက်နှင့်ပတ်သက်၍

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ် မြင်သာ စုပေါင်းအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၃၊ မြေကွက်အမှတ် ၂၂၀/၁၊ မြေကွက် အကျယ်စတုရန်းပေ ၂၃၄၀၊ ဇရိယာ ၀ ဒသမ ၀၅၃၈ဧကရှိ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်ညွန့်ညွန့်ဝေ ၁၂/ဥကတ(နိုင်)၁၀၁၈၂၆ထံမှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက် (သံသုမာလမ်းဘက်ခြမ်း)ရှိမြေကွက်အကျယ် (အလျားပေ ၆၀×အနံ ၃၉½ပေ)အကျယ်ရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်တော် ဦးအန်းကူ ၁၂/လသန(နိုင်) ၀၁၃၄၂၅က ၁၀-၅-၂၀၀၇ ရက်တွင် အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

မြေငှားဂရန်အမည်ပေါက်သူ ဒေါ်ညွန့်ညွန့်ဝေကိုယ်တိုင်မှလည်း အရောင်းအဝယ်စာချုပ်တွင် အသိအမှတ်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ကျွန်တော်မှ အဆောက်အအုံဆောက်လုပ်၍ လက်ရှိပိုင်ဆိုင်လျက်ရှိသောမြေကွက်နှင့် အဆောက်အအုံဖြစ်ပါသည်။

ဖော်ပြပါ ကျွန်တော်ဝယ်ယူပိုင်ဆိုင်ထားသည့် မြေကွက်တစ်စိတ်တစ်ဒေသနှင့်ပတ်သက်သောလုပ်ငန်းကိစ္စအဝဝတို့အား ကျွန်တော်၏ခွင့်ပြုချက်မရဘဲ မည်သည့်ကိစ္စမျှ ဆောင်ရွက်ခြင်းမပြုပါရန်နှင့် ဆောင်ရွက်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအန်းကူ ၁၂/လသန(နိုင်)၀၁၃၄၂၅
အမှတ် ၂၂၇/၁၊ ဒေါင်းမင်းလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၁၁၅၇၆၁၊ ၀၁-၅၆၆၁၃၄

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂလမ်း၊ အမှတ် ၇၃၁နေ
ဦးခင်မောင်မြင့်-ဒေါ်ယဉ်ယဉ်ငွေးတို့၏ သားကြီး

မောင်သက်မောင်စိုး

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၇)ရပ်ကွက်၊ရာဇာဓိရာဇ် ၂၂လမ်း၊အမှတ် ၄၄၅/ကနေ
(ဦးစန်းမြ)-ဒေါ်ခင်ငြိမ်းတို့၏ သမီးငယ်

မသင်းသင်းမွန်

တို့သည် ၁၃-၁-၂၀၁၃ ရက်တွင် နှစ်ဖက်သော မိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သက်မောင်စိုး-မသင်းသင်းမွန်

တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ တိုက်အမှတ်(၄/ခ)ဟုခေါ်သော နှစ်ခန်းတွဲ(၃½ထပ်) ကန်ထရိုက်တိုက်၏ (ဒုတိယထပ်) (ခြေရင်းခန်း)တိုက်ခန်းတစ်ခန်းကို တရားဝင်လက်ရှိထားပိုင်ဆိုင်နေပါသည်ဟု အဆိုပြုသူ ဦးသက်အောင်လွင် ၁၂/မဂဒ(နိုင်) ၁၀၀၁၉၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

